**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

သီလနှင့်လည်းကောင်း၊ ဉာဏ်ပညာနှင့်လည်းကောင်း ပြည့်စုံသော၊ တရား၌တည်သော၊ အမှန်တရားကိုသိတတ်သော၊ မိမိပြုရမည့်ကိစ္စကို သိတတ်သောသူကို လူအပေါင်းသည် ချစ်ခင်မြတ်နိုး၏။

ဓမ္မပဒ

# မြဝတီ နေ့စဉ်

**မှန်ရမည်၊ မြန်ရမည် ပြည်သူ့အတွက် မြဝတီ**

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၁၇၆)

၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၉ ရက်
၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၁၁ ရက်၊ သောကြာနေ့

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ (၁၈)ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များအစည်းအဝေးသို့တက်ရောက်မည့် အာဆီယံရေတပ်အကြီးအကဲများနှင့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များ လာရောက်ဂါရဝပြုတွေ့ဆုံ

# မြန်မာနိုင်ငံအနေဖြင့် အာဆီယံနိုင်ငံအားလုံးနှင့် ချစ်ကြည်ရင်းနှီးမှုကိုလိုလားပြီး အာဆီယံအဖွဲ့အတွင်း အာဆီယံစိတ်ဓာတ်အပြည့်ဖြင့် အာဆီယံပဋိညာဉ်များနှင့်အညီ ပူးပေါင်းဆောင်ရွက်သွားမည်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပပြုလုပ်သည့် (၁၈)ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များအစည်းအဝေး (18th ASEAN Navy Chief's Meeting) သို့ တက်ရောက်ကြမည့် အာဆီယံရေတပ်အကြီးအကဲများနှင့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

နေပြည်တော် အောက်တိုဘာ ၁၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပပြုလုပ်သည့် (၁၈)ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များအစည်းအဝေး (18th ASEAN Navy Chief's Meeting) သို့ တက်ရောက်ကြမည့် အာဆီယံရေတပ်အကြီးအကဲများနှင့် **စာမျက်နှာ ၁၇ ကော်လံ ၁★**

**ပြည်လုံးကျွတ်သန်းခေါင်စာရင်း (၁၁) ရက်မြောက်နေ့ ကောက်ယူနေပါသည်။**



## အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၁၁ ရက်)

# စည်းလုံးသောအင်အားဖြင့် ကြိုးပမ်းဆောင်ရွက်

မြန်မာနိုင်ငံတွင် ၂၀၁၁ ခုနှစ်မှစတင်ကာ စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကိုစတင်ကျင့်သုံးခဲ့သည်။ ထိုသို့ကျင့်သုံးရန်အတွက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)တွင် အခိုင်အမာပြဋ္ဌာန်းထားရှိသည်။ နိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးပေါင်းစုံတို့ စုပေါင်းနေထိုင်ကြသော နိုင်ငံဖြစ်သည့်အတွက် နိုင်ငံတော်ကိုပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းတည်ဆောက်ထားပြီး အဆိုပါစနစ်ကို ကျင့်သုံးခြင်းဖြစ်သည်။ ပါတီစုံဒီမိုကရေစီစနစ်သည် ပြည်သူတို့၏လိုလားတောင့်တချက်နှင့်အညီ ပေါ်ပေါက်လာသည့်စနစ်ဖြစ်သည်။

စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီကိုခိုင်ခိုင်မာမာတည်ဆောက်နိုင်ရန်အတွက် တပ်မတော်၏တာဝန်များကိုလည်း နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းပေးထားသည်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀(က) “တပ်မတော်သည်အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သောခေတ်မီသည့် တစ်ခုတည်းသောမျိုးချစ်တပ်မတော်ဖြစ်သည်” ဟုလည်းကောင်း၊ ပုဒ်မ ၂၀ (စ) "တပ်မတော်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန် အဓိကတာဝန်ရှိသည်" ဟုလည်းကောင်းပြဋ္ဌာန်းထားသည်။ ဤပြဋ္ဌာန်းချက်များမှာ နိုင်ငံတော်သည် စစ်မှန်စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးကာ နိုင်ငံတည်ငြိမ်ဖွံ့ဖြိုးတိုးတက်လာရေးကိုဦးတည်ခြင်းဖြစ်ပြီး တပ်မတော်ကိုလည်း ဤဖွဲ့စည်းပုံနှင့်ပတ်သက်လာလျှင် ကာကွယ်စောင့်ရှောက်ရန်ဖြစ်သည်။

ဒီမိုကရေစီစနစ်ကျင့်သုံးသည့်နိုင်ငံတိုင်းတွင် အရေးကြီးဆုံးအချက်မှာ လွတ်လပ်ပြီးတရားမျှတသောပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးဖြစ်သည်။ သို့သော် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမှာ မြန်မာနိုင်ငံအတွက်အကျည်းတန်အရုပ်ဆိုးစေခဲ့သည်။ အဆိုပါရွေးကောက်ပွဲတွင်မဲမသမာမှုများ၊ တရားမဲ့ပြုကျင့်မှုများ ထင်ရှားစွာပေါ်ပေါက်ခဲ့သည်။ မဲမသမာမှုမှာစစ်ဆေးတွေ့ရှိချက်များအရ မဲမသမာမှုအရေအတွက် ၁၁ သန်းခန့်ရှိခဲ့သည်။ မဲမသမာမှုကိုဖြေရှင်းပေးရန် အခြားသောနိုင်ငံရေးပါတီများနှင့် တပ်မတော်ကသက်သေအထောက်အထားအချက်အလက်ခိုင်မာစွာ တင်ပြတောင်းဆိုခဲ့သည်။ ထိုသို့တောင်းဆိုသည်ကိုမျက်ကွယ်ပြုခဲ့သည်။ ထို့ကြောင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁၁) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီအရေးပေါ်ကာလပေါ်ပေါက်လာရခြင်းဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့် အညီပေါ်ပေါက်လာသည့်အစိုးရဖြစ်သည်။ နိုင်ငံတော်၏ကောင်းရာကောင်းကျိုးကိုဖော်ဆောင်ပေးနိုင်မည့် စစ်ဘက်၊ အရပ်ဘက်မှပုဂ္ဂိုလ်များကိုရွေးချယ်၍ ဖွဲ့စည်းတာဝန်ပေးထားခြင်းဖြစ်သည်။ စတင်တာဝန်ထမ်းဆောင်ခဲ့စဉ် ကိုဗစ်-၁၉ ရောဂါကြောင့်ဖြစ်ပေါ်ခဲ့ရသည့် အကျပ်အတည်းများနှင့်နိုင်ငံရေးအမြတ်ထုတ်လိုသူများ၏ သွေးထိုးလှုံ့ဆော်မှုများကြောင့် အကြမ်းဖက်မှုဖြစ်စဉ်များဖြစ်ပေါ်ခဲ့သည်။ ထိုဖြစ်စဉ်ဖြစ်ရပ်များကို ဥပဒေနှင့်အညီထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်ခဲ့သည်။ အချို့သောတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် နိုင်ငံတော်တွင် နိုင်ငံရေးအရအကျပ်အတည်းများဖြစ်ပေါ်နေမှုကိုအခွင့်ကောင်းရယူ၍ နယ်မြေချဲ့ထွင်ရန် ကြိုးပမ်းဆောင်ရွက်မှုများရှိလာခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် စက်တင်ဘာလ ၃ ရက်က ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံအမှာစကားပြောကြားစဉ် လုံခြုံရေးနှင့်ပတ်သက်၍ **"ဒေသအတွက် ကောင်းရာကောင်းကျိုးဆောင်ရွက်မည့်သူများ၊ ရဲတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့များပူးပေါင်း၍ ပြည်သူ့လုံခြုံရေးစနစ်ကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အဆင့်ဆင့်သတင်းပေးသည့်စနစ်ကို ဖော်ဆောင်ခြင်းအားဖြင့် ရပ်ကွက်အလိုက်၊ ကျေးရွာအလိုက် တည်ငြိမ်အေးချမ်းမှုကိုတည်ဆောက်နိုင်မည်ဖြစ်ကြောင်း၊ ပြည်သူများတစ်ဦးချင်းနှင့်သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိသူများ လုံခြုံရေးအသိတရားဖြင့်ပူးပေါင်းဆောင်ရွက်သွားမည်ဆိုပါက လုံခြုံရေးအတွက်များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းသည် နိုင်ငံကောင်းအောင်ဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း"**ထည့်သွင်းပြောကြားခဲ့သည်။

တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကိုမဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်မည်ဖြစ်သည်။ လက်ရှိအချိန်တွင် လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အခမ္မဝင်ရောက်နေထိုင်သည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကိုကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကိုအသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိသည်။ တပ်မတော်အနေဖြင့် နိုင်ငံတစ်ဝန်းတည်ငြိမ်အေးချမ်းမှုများ အမြန်ဆုံးပြန်လည်ရရှိရေးအတွက် စည်းလုံးသောအင်အားဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ပြည်သူများအနေဖြင့် အကြမ်းဖက်သောင်းကျန်းသူတို့၏အသုံးချခံရမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှတင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့်ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

( ခ ) နိုင်ငံ့ဝန်ထမ်းများ။

( ဂ ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကိုပြုစုလုပ်ကျွေးနေသူများ။

( င ) မူးယစ်ဆေးဝါးဖြတ်ရန်ဆေးကုသမှုခံယူနေသူများ။

( စ ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

( ခ ) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

( ဂ ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

( င ) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှယာယီရွှေ့ဆိုင်းပေးရန်မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

# ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြော

**နေပြည်တော် အောက်တိုဘာ ၁၀**

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဦးဆောင်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို အောက်တိုဘာလ ၉ ရက်တွင် ဇေယျာသီရိမြို့နယ် ကျောက်ချက်အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ဇေယျာသီရိခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောနိုင်က အဖွင့်အမှာစကားပြောကြားပြီး နေပြည်တော်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှလက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်နိုင်ဦးက ၂၁ ရာစု ကျွန်ုပ်တို့၏ကမ္ဘာမြေအခြေအနေ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာပြဿနာများ၊ ပလတ်စတစ်ညစ်ညမ်းမှုတိုက်ဖျက်ဖို့ ပူးပေါင်းဖြေရှင်းဆောင်ရွက်စို့၊ တစ်ခါသုံးပလတ်စတစ်အကြောင်း၊ ကျယ်ကျယ်ပြန့်ပြန့်သုံးစွဲလာသည့် ကြွပ်ကြွပ်အိတ်အကြောင်း၊ တစ်ခါသုံးပလတ်စတစ်၏ဆိုးကျိုးများ၊ ပလတ်စတစ်အသုံးပြုမှုနှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်သင့်သည့် နည်းလမ်းငါးသွယ်နှင့် သုံးစွဲမှုလျော့ကျသွားအောင် ဆောင်ရွက်ရမည့် နည်းလမ်းများအကြောင်းကို ရှင်းလင်းဟောပြောသည်။

ဆက်လက်၍ နေပြည်တော်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ တာဝန်ရှိသူများက တက်ရောက်လာကြသူများအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ Video Clip ပြသပြီး ကျောင်းသား၊ ကျောင်းသူများ၏ မေးမြန်းချက်အား ပြန်လည်ဖြေကြားပေးသည်။

ယင်းနောက် ဇေယျာသီရိခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောနိုင်က ကျောက်ချက်အခြေခံပညာအထက်တန်းကျောင်း စာကြည့်တိုက်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာစာအုပ်များ လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူကြောင်း သိရသည်။ (၄၁၃)

## သဖင်(FM)အသံလွှင့်အစီအစဉ် ၁၁-၁၀-၂၀၂၄(သောကြာနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၈:၀၀ | For Youth | ၄။ | ၁၇:၀၀ | ထူးခြားထင်ရှားကမ္ဘာတစ်လွှား |
| ၂။ | ၁၀:၀၀ | သတင်း/သီချင်း | ၅။ | ၁၉:၀၀ | စစ်သည်ကဏ္ဍ |
| ၃။ | ၁၃:၀၀ | တိုင်းရင်းသားစကားပြောကြရအောင် | ၆။ | ၂၁:၂၀ | စာလာတယ်ဗျို့ |

မြဝတီ နေ့စဉ်
The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# အပြည်ပြည်ဆိုင်ရာရွှေ့ပြောင်းသွားလာရေးအဖွဲ့(IOM)ရုံးချုပ်မှ မြန်မာနိုင်ငံဆိုင်ရာ အကြီးအကဲဦးဆောင်သောအဖွဲ့အား ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၁၀**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် အပြည်ပြည်ဆိုင်ရာရွှေ့ပြောင်းသွားလာရေးအဖွဲ့(IOM)၏ မြန်မာနိုင်ငံဆိုင်ရာအကြီးအကဲ Mr. Daihei Mochizuki ဦးဆောင်သောအဖွဲ့ကိုယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။


တွေ့ဆုံစဉ် ကျန်းမာရေးဝန်ကြီးဌာနနှင့် IOM တို့အကြား ပူးပေါင်းဆောင်ရွက်နေသည့် ရွှေ့ပြောင်းသွားလာသူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုမြှင့်တင်ဆောင်ရွက်ရေး၊ ရွှေ့ပြောင်းသွားလာသူများအတွက် တီဘီရောဂါ၊ ငှက်ဖျားရောဂါနှင့် ခုခံအားကျကာလသားရောဂါကာကွယ်တားဆီးရေးလုပ်ငန်းများ အရှိန်မြှင့်တင်ဆောင်ရွက်ရေး၊ ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းများတွင် အသုံးပြုသည့်ဆေးနှင့်ဆေးပစ္စည်းများ မသက်ဆိုင်သည့် လူပုဂ္ဂိုလ်နှင့်အဖွဲ့အစည်းများထံ မရောက်ရှိစေရေး ကြီးကြပ်ဆောင်ရွက်ရန်လိုအပ်သည့်ကိစ္စရပ်များ၊ ရခိုင်ပြည်နယ်ရှိ IDP camp များတွင် ကျန်းမာရေးစောင့်ရှောက်မှု ပူးပေါင်းဆောင်ရွက်နေသည့်ကိစ္စရပ်များနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံဆိုင်ရာ IOM ရုံးမှ ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများတက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကျင်းပ





**နေပြည်တော် အောက်တိုဘာ ၁၀**

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ပူးပေါင်းကျင်းပသည့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၌ Hybird စနစ်ဖြင့်ကျင်းပသည်။

ဆွေးနွေးပွဲသို့ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦး၊ ဒုတိယစာရင်းစစ်ချုပ်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင်ဦးမောင်မောင်တင့်နှင့်ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ တာဝန်ရှိသူများ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး/ပြည်နယ်စာရင်းစစ်ချုပ်ရုံးနှင့် မြန်မာနိုင်ငံစာရင်းကောင်စီရုံးတို့မှဝန်ထမ်းများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်က အဂတိကင်းရှင်းသော နိုင်ငံ့ဝန်ထမ်းများဖြင့် သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်တစ်ခုကို အကောင်အထည်ဖော် တည်ဆောက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင်က အဂတိလိုက်စားမှုများကိုမဖြစ်စေမီ ကြိုတင်ကာကွယ်တားဆီးရန်အတွက် အသိပညာပေးခြင်းနှင့် တားဆီးကာကွယ်ခြင်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး ကော်မရှင်ရုံးမှ တာဝန်ရှိသူများက အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ၊ အဂတိလိုက်စားမှု၏ သဘောသဘာဝများ၊ အဂတိလိုက်စားမှုဖြစ်ပေါ်ရခြင်းအကြောင်းရင်းများ၊ ဆိုးကျိုးများ၊ တားဆီးကာကွယ်ရေး ကဏ္ဍများကို ရှင်းလင်းဆွေးနွေးကြကာ ဆွေးနွေးပွဲတက်ရောက်လာသူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။ **(၅၀၀)**

# ၂၀၂၄ ခုနှစ် အောက်တိုဘာလ ဒုတိယ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**နေပြည်တော် အောက်တိုဘာ ၁၀**

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁၁ ရက်မှ ၁၅ ရက်အတွင်း မြန်မာနိုင်ငံတောင်ပိုင်းဒေသများမှ ဆုတ်ခွာသွားဖွယ်ရာရှိသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားအနည်းငယ်ရှိနိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၇ ရက်မှ ၉ ရက်ခန့်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) နှင့် ကယားပြည်နယ်တို့တွင် ၄ ရက်မှ ၆ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့နှင့် မြင်းမူမြို့တို့တွင် ၃ ပေမှ ၅ ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်ပြီး ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ၁ ပေခွဲမှ ၂ ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ၅ ပေမှ ၇ ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ၄ ပေခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ၁ ပေမှ ၃ ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ၁ ပေမှ ၂ ပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ၁ ပေခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် ၂ ပေမှ ၃ ပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ၂ ပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ၂ ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်ပြီး သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ၁ ပေခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ပေဝက်မှ ၁ ပေခန့်နှင့် တိုးမြစ်ရေသည် မအူပင်မြို့တွင် ပေဝက်ခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

**(မိုး/ဇလ)**

# မြစ်ကိုအလျှားစုန်ကူးခဲ့သည်

ကျွန်းစဉ်မြေစောခက်



**ယမန်နေ့မှအဆက်**

ပါတီယူနစ် ကော်မတီဝင်သည် လူမှုရေးလုပ်ငန်း စည်းရုံးရေးစကားပြောရင်း –

“ဒီဘက် ကျွန်းစဉ်နယ်က ၉ တန်းမှာ ခုံအမှတ် နပ/၁ နဲ့ ဝင်ရောက်ဖြေဆိုတဲ့ ကျောင်းသားတစ်ယောက် ရှိတဲ့အကြောင်း၊ ဒီကျောင်းသားဖြေဆိုထားမှုတွေ တော်တော်ကောင်းကြောင်း၊ မြန်မာစာပြဆရာ ဦးဖြူစိန်ဦး (မြေပုံဇာတိ) က ဒီကျောင်းသားရေးထားတဲ့ စာစီစာကုံးဟာ စာရေးကောင်းတဲ့ စာရေးဆရာ တစ်ဦးရေးထားသလိုပဲတဲ့ တင်စားချက်၊ တင်ပြချက် အထောက်အထားလေးတွေနဲ့ အရမ်းကောင်းတယ် လို့ပြောတယ်”

“နောက်ပြီး ဘောဂဗေဒပြတဲ့ ဆရာဦးသိန်းလွင် (ရန်ကုန်ဇာတိ)ကလည်း ခုံအမှတ် နပ/၁ (ပြင်ပဖြေ) ကျောင်းသားရဲ့ ဘောဂဗေဒဘာသာရပ်မှာ စာရင်းကိုင် တွက်ချက်ထားတာ တော်တော်အဆင်ပြေတယ်၊ အစမ်းရှင်းတမ်းမှာ နှစ်ဖက်သွင်းစာရင်းတွေအကုန် မှန်ပြီး အဖြေမှန်ထွက်တယ်၊ နောက်ပြီးတော့ ဇယားပုံစံနဲ့တွက်ထားတာ အဆင့်မြင့်တယ်၊ မြေပုံ အ.ထ.က ကျောင်းတွင်းက ကျောင်းသားတွေမှာတောင် T ပုံစံလေးနဲ့ဆိုတော့ သူ့ဖြေဆိုချက်က တော်တော် ကောင်းနေတယ်လို့ ပြောတယ်”

ပါတီယူနစ်ကော်မတီဝင် ရွာသားတွေကိုခေါ်ပြီး ဝိုင်းဖွဲ့ပြောနေရာသို့ ကျွန်တော်ရောက်လာသည်။ သို့သော် “နဝမတန်း (ပြင်ပဖြေ) နပ/၁ ဆိုတာ ကျွန်တော်ပါခင်ဗျ” လို့ ကျွန်တော်မပြောရဲပါ။ ရင်ထဲမှာကျိတ်ခံစားရင်း အပျော်လုံးဆို့နေပါတော့သည်။

ကျွန်တော်သည် ၁၉၇၅–၁၉၇၆ ပညာသင်နှစ်တွင် နဝမတန်းဟူသော ကျောင်းတွင်းစာမေးပွဲကို (ပြင်ပဖြေ) ဖြေဆိုခဲ့ရာ အောင်မြင်ခဲ့လေပြီ။ ကျွန်တော် စာမေးပွဲဖြေဆိုနိုင်ရေးအတွက် လှုပ်ရှားရုန်းကန်မှုနှင့် စာမေးပွဲအောင်မြင်ခြင်းတို့မှာ ခက်ခဲပင်ပန်းလှပါသည်။ ပြောရလျှင် ဆူးကြားထဲတွင်သီးသော ဘူးသီးလို ချောချောမွေ့မွေ့ဖြစ်မလာခဲ့ဟု ဆိုရပေမည်။ ကျွန်တော် ကျောင်းတော်မြေမှ နဝမတန်း စာမေးပွဲရှုံးပြီး ထွက်ခွာလာခဲ့သည်မှာ ၁၉၆၇ ခုနှစ် ဖြစ်ပြီး ယခုနဝမတန်းကို ပြန်ဖြေဖြစ်သည့်ကာလသည် ၁၉၇၆ ခုနှစ်ဟုဆိုပါလျှင် နှစ်ပေါင်း ၁၀ နှစ်တိတိ ကြာခဲ့လေသည်။ ပြောရလျှင် ၁၉၆၇ ခုနှစ်တွင် မွေးသောကလေးတစ်ယောက် ၁၀ နှစ်ဆိုသော အသက်အရွယ်သည် စတုတ္ထတန်းကျောင်းသား အရွယ်သို့ရောက်နေချေလေပြီ။

ဆန်းစစ်ကြည့်ရလျှင် မိသားစုဘဝအဆင်မပြေခြင်း၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းတို့ကြောင့် စာပေဝမ်းစာဖြည့်သွင်းရာတွင် အချိန်ယူရခြင်းတို့ကြောင့်ပင် ဖြစ်ပေတော့သည်။

● ● ● ● ● ● ●

၁၉၇၆–၁၉၇၇ ပညာသင်နှစ်သည်ကား ကျွန်တော့်ဘဉ္စန့်အတွက် ၁၀ တန်းတည်းဟူသော ဘဝအဆုံးအဖြတ်စာမေးပွဲကို ဆင်နွှဲရမည့် ရာသီကာလပေတည်း။ ကျွန်တော်ရပ်တည်နေသည့် အမေ့ရွာ သရက်တောင်တွင် ခုအချိန်၊ ခုကာလအထိ ၁၀ တန်းဟူ၍ တစ်ဦးတလေမျှပင် မရှိဖူးသေးချေ။ ခုတော့ ကျွန်တော်စာမေးပွဲအတွက် တိုက်ပွဲဝင်တော့မည်။ ၁၉၆၇ ခုနှစ်က စာမေးပွဲရှုံးသည်ဟု သိလိုက်ရသည့် နေ့တွင် စပ်ဆိုခဲ့သည် “ယုံကြည်ချက်” ကဗျာကို အကောင်အထည်ဖော်ရတော့မည်။

ဘဝစာမေးပွဲအတွက် တိုက်ပွဲဝင်ရန်အသင့်ဖြစ်နေသလို ပြင်ဆင်မှုတွေ အသင့်လုပ်ရပေတော့မည်။ ကျွန်တော်ဖြေဆိုရမည့် ဝိဇ္ဇာတွဲဘာသာရပ်တွင်–

ပင်ရင်းမြန်မာစာ၊ အင်္ဂလိပ်စာ၊ သမိုင်း၊ ပထဝီဝင်၊ ဘောဂဗေဒ၊ စိတ်ကြိုက်မြန်မာစာတို့ ဖြစ်ကြသည်။

အထက်တန်းကျောင်းသား ဘဝတစ်လျှောက် ကျွန်တော့်အား ဒုက္ခလှလှပေးခဲ့သော သင်္ချာ(၁)၊ သင်္ချာ(၂)ဘာသာရပ်ဟူသည်တို့ ပြုတ်ကျကျန်ခဲ့ပြီး ကျွန်တော့်အတွက် ကိုယ်ပိုင်ဘာသာလိုဖြစ်နေခဲ့သော စိတ်ကြိုက်မြန်မာစာက အစားထိုးနေရာယူလာခဲ့ပေရာ ကျွန်တော်အလွန်ကျေနပ်သွားသည်။ “အားမလျှော့နဲ့ တောင့်ထား” ဆိုသလို ဖြစ်နေခဲ့သည်မှာကား အမှန်ပင်။

၁၉၇၆–၁၉၇၇ ပညာသင်နှစ် အခြေခံပညာအထက်တန်းစာမေးပွဲကိုဖြေဆိုရန် ကျွန်တော် ကြိုတင်ပြင်ဆင်လိုက်ပေပြီ။ မြန်မာစာဘာသာရပ်တွင် ပင်ရင်းစကားပြေလက်ရွေးစင်နှင့် အထက်တန်းကဗျာလက်ရွေးစင်တို့ကို ပြဋ္ဌာန်းထားသည်။ စိတ်ကြိုက်မြန်မာစာတွင် စိတ်ကြိုက်စကားပြေလက်ရွေးစင်နှင့် အထက်တန်းကဗျာလက်ရွေးစင်တို့ကို ပြဋ္ဌာန်းထားသည်။ မြန်မာစာဘာသာရပ်နှစ်ခုကို နဝမတန်းဖြေဖို့ ပြင်ဆင်တုန်းကပင် အလီလီအခါခါ ဖတ်ရှုလေ့ကျင့်ပြီးသားဖြစ်သည့်အပြင် ဖြေလည်းဖြေပြီးထား၍ ယဉ်ပါးနေသလိုတောင် ဖြစ်နေခဲ့ပေပြီ။ ပင်ရင်းမြန်မာစာနှင့် စိတ်ကြိုက်မြန်မာစာတို့အတွက် ကဗျာတွင် အထက်တန်းကဗျာလက်ရွေးစင် တစ်အုပ်တည်းကို ပြဋ္ဌာန်းထားပေသည်။ နဝမတန်းတုန်းက စာမေးပွဲတွင်ပါနိုင်သည်ဟု အာရုံရသောကဗျာများကို ဦးစားပေး၍ ဖတ်သည်၊ ဦးစားပေး၍ လေ့ကျင့်သည်။ သည်နှစ်တွင်တော့ နင်လားငါလား အကျိတ်အနယ် ယှဉ်ပြိုင်ပြီး အနိုင်ယူရမည်ဖြစ်၍ ပင်ရင်းမြန်မာစာနှင့် စိတ်ကြိုက်မြန်မာစာမှာပါ ပြဋ္ဌာန်းထားသော ကဗျာများကို မူရင်းအတိုင်း တစ်ပုဒ်မကျန် အလွတ်ရအောင် ကျွန်တော်ကျက်တော့သည်။ ဘာသာရပ်နှစ်ခုအတွက် အကုန်လုံး ၅၆ ပုဒ်တိတိ ပါဝင်သည်။ ကျွန်တော့်မှာ ကျောင်းနေတုန်းကပင် ကဗျာဖတ်ခြင်း၊ ကဗျာရေးခြင်း၊ ကဗျာလေ့လာခြင်းတို့ကို အလေးထားပြီးလေ့ကျင့်ခဲ့သဖြင့် ကဗျာမူရင်းကို ကျက်မှတ်ထားလျှင် မည်သည့်ပုံစံနဲ့ပင် မေးသည် ဖြစ်စေ စကားပြေပြန်ပြီး ဖြေဆိုနိုင်စွမ်းရှိသည်ဟု ကိုယ့်ကိုယ်ကိုယ် ယုံကြည်ထားသည်။

စကားပြေတွင်လည်း ပင်ရင်းစကားပြေ လက်ရွေးစင် ၆၁ ပုဒ်၊ စိတ်ကြိုက်စကားပြေ လက်ရွေးစင် ၅၁ ပုဒ်တို့ကို အခါခါဖတ်ပြီး အထပ်ထပ်လေ့ကျင့်သည်။ စာသင်နှစ် နှစ်လယ်လောက်အရောက်တွင် ကမ်းထောင်းကြီးရွာက မောင်မောင်ထွန်းနှင့် ရွှေတင်အေးတို့ဆီက ဝိဇ္ဇာဘာသာရပ် မှတ်စုတချို့ကို ဗလာစာအုပ်တွင်ရေးပြီး ပေးပို့လာကြပြန်သည်။ သူတို့လည်း ၁၀ တန်း (ပြင်ပဖြေ) ဝင်ဖြေကြသူများပင် ဖြစ်ကြသည်။ သူတို့နှစ်ယောက် ကျွန်တော့်ကို တတ်နိုင်သည့် အနေအထားကလေးဖြင့် ကူညီကြခြင်းပင်ဖြစ်ပေသည်ဟု နားလည်မိပါသည်။ ယင်းနှစ်ထဲမှာပင် ကျောက်ဖြူမြို့က အခြေခံပညာအထက်တန်းစာမေးပွဲ မေးခွန်းလွှာများ ကျွန်တော့်ဆီရောက်လာခဲ့သည်။ မည်သူပေးပို့လိုက်မှန်း ကျွန်တော် သေသေချာချာမမှတ်မိတော့ပါ။ ကျွန်တော့်အပေါ် မေတ္တာရှိသော အသိုင်းအဝိုင်းကပဲ ဖြစ်ပါလိမ့်မည်။ ယင်းမေးခွန်းလွှာများကို လေ့လာမှု(Question Study) လုပ်ခွင့်ရသဖြင့် လွန်စွာပျော်ရပြီး စာမေးပွဲဖြေဆိုနိုင်ရေးအတွက် များစွာအထောက်အကူပြုခဲ့ပေသည်။ ဒေါ်ခင်မြရွှေ (ထက်/ပြ) (ထ/၂) ကျောက်ဖြူမြို့မှ ပို့လိုက်ကြောင်း နောက်မှသိရသည်။ ဒေါ်ခင်မြရွှေတို့ မိဘများမှာ ကျောက်ဖြူမြို့သို့ အပြီးပြောင်းရွှေ့သွားကြသည်။ ၁၉၆၇ ခုနှစ် ကျွန်တော် နဝမတန်းဖြေနေချိန်တွင် ဒေါ်ခင်မြရွှေကို ပဉ္စမတန်းကျောင်းသူအဖြစ် တွေ့ခဲ့ရသည်။ ယခု ကျွန်တော့်ဘဝနှင့် ဖြစ်ပျက်မှုအစုံစုံတို့ကို သူသိရပြီး ကျွန်တော်စာမေးပွဲ ဖြေဆိုနိုင်ရေးအတွက် အထောက်အကူဖြစ်စေရန် ပို့ပေးခြင်းပင် ဖြစ်တန်ရာပေသည်။

**ဆက်လက်ဖော်ပြပါမည်။**

## ဒီပဲယင်းမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ပဲတီစိမ်း ၃၁၄၅၆ ဧက စိုက်ပျိုးပြီးစီးနေပြီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



**ဒီပဲယင်း အောက်တိုဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ဒီပဲယင်းမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ပဲတီစိမ်း ၃၁၄၅၆ ဧကစိုက်ပျိုးပြီးစီးနေပြီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ရေဦးခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဒီပဲယင်းမြို့နယ်၌ မိုးကြိုပဲတီစိမ်း ၅၈၄၈ ဧကနှင့် မိုးပဲတီစိမ်း ၁၄၉၃၉ ဧက စုစုပေါင်း ၂၀၇၈၇ ဧက စိုက်ပျိုးရန် လျာထားပြီး မေလမှစတင်စိုက်ပျိုးခဲ့ရာ လက်ရှိအချိန်ထိ မိုးကြိုပဲတီစိမ်း ဧက ၁၂၃၃၀ နှင့် မိုးပဲတီစိမ်း ၁၉၁၂၆ ဧက စုစုပေါင်း ၃၁၄၅၆ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ဒီပဲယင်းမြို့နယ်မှာ ပဲတီစိမ်း ဧက ၂၀၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ လက်ရှိအချိန်ထိ ဧက ၃၀၀၀၀ ကျော် စိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပဲတီစိမ်း စိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့နဲ့ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းတွေက တောင်သူတွေနဲ့ ပူးပေါင်းပြီး အသိပညာပေးလုပ်ငန်းတွေကိုလည်း ဆောင်ရွက်ပေးပါတယ်" ဟု ရေဦးခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မြင့်ထွန်းကပြောသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဒီပဲယင်းမြို့နယ်ရှိ ပဲတီစိမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ စိုက်ပျိုးရေးသွင်းအားစုများရရှိရေး၊ အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်သည့် နည်းပညာပေးခြင်းများကို တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၄၀၉)

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့၊ ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကိုကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကိုအသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။”**

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

# ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တက္ကသိုလ်၊ ပညာရေးဒီဂရီကောလိပ်နှင့် အခြေခံပညာအထက်တန်းကျောင်းများကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ကြည့်ရှုစစ်ဆေး



ရန်ကုန် အောက်တိုဘာ ၁၀

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် လှည်းကူးပညာရေးဒီဂရီကောလိပ်အား သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဆရာ၊ ဆရာမများနှင့်တွေ့ဆုံကာ သင်ကြားရေး ဆရာ၊ ဆရာမများနှင့် ဓာတ်ခွဲခန်းကျွမ်းကျင်ဝန်ထမ်းလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေးညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် လှည်းကူးပညာရေးဒီဂရီကောလိပ် တိုးတက်ရေး အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြား၍တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပဲခူးမြို့ အခြေခံပညာအထက်တန်းကျောင်းအင်းတကော်နှင့်ပဲခူးတက္ကသိုလ်တို့သို့ရောက်ရှိပြီး ကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများနှင့်တွေ့ဆုံပြီး တင်ပြချက်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီးရှိ အမှတ်(၁၀) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ် (၅) အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့ရှိ အခြေခံပညာအထက်တန်းကျောင်း(အင်းတိုင်)နှင့်အခြေခံပညာအထက်တန်းကျောင်း(ကျွန်းကလေး)ကျောင်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကျောင်းများ၏ ကျောင်းဥပဓိရုပ်ကောင်းမွန်ရေး၊ စာသင်ဆောင်၊ သင်ထောက်ကူပစ္စည်းများ၊ သောက်သုံးရေနှင့် သန့်စင်ခန်းများ လုံလောက်မှုရှိစေရေး ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ညနေပိုင်းတွင် မြို့နယ်အသီးသီးမှ ပညာရေးဘွဲ့နှင့် ပညာရေးဒီပလိုမာဘွဲ့ သင်တန်းသားများနှင့် ပညာရေးတက္ကသိုလ် Learning Hub ၌တွေ့ဆုံပြီး မိမိတို့သင်ကြားရမည့် ဘာသာရပ်များတွင်သာမက ဆက်စပ်ပညာရပ်များကိုပါ ကျွမ်းကျင်မှုရှိစေရေး စဉ်ဆက်မပြတ်လေ့လာကြရန်၊ အရည်အချင်းရှိသော ကျောင်းသား၊ ကျောင်းသူများ မွေးထုတ်ပေးရန်ကိစ္စရပ်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ (၅၀၀)

# နဝင်းချောင်းတံတား(အဆုံ)လေးလမ်းသွား တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းခွင်နှင့် ဆင်သေချောင်းတံတား (သိုက်ချောင်း)ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှု ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ကြည့်ရှုစစ်ဆေး



နေပြည်တော် အောက်တိုဘာ ၁၀

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် ဒုတိယဝန်ကြီး ဦးဝင်းဖေ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ်(၂၄၅/၇)ရှိ နဝင်းချောင်းတံတား(အဆုံ)အား မူလနှစ်လမ်းသွားမှ လေးလမ်းသွားတံတားအဖြစ် အဆင့်မြှင့်တင်တည်ဆောက်ခြင်းလုပ်ငန်းခွင်အား သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များမှာကြားသည်။

ထို့နောက် သဘာဝဘေးဒဏ်ကြောင့် ပျက်စီးခဲ့သော တံတားထိပ်ခုံနှင့်ချဉ်းကပ်လမ်းနေရာ ပြုပြင်ဆောင်ရွက်ပြီးစီးမှု၊ ကုန်တင်ယာဉ်များ စနစ်တကျဖြတ်သန်းသွားလာရန် ခွင့်ပြုထားမှုနှင့် အခိုင်အမာပြင်ဆင်တည်ဆောက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ကင်းသာလမ်းဆုံသို့ရောက်ရှိပြီး ရေတိုက်စား၍ ပျက်စီးခဲ့သည့် နေရာများတွင် အမှိုက်သရိုက်များ ဖယ်ရှားရှင်းလင်းပြီး မြေဖို့ခင်းကြိတ်ဆောင်ရွက်နေမှု၊ လမ်းနယ်နေရာ၌ မြေထိန်းနံရံအနိမ့်များအသစ်ဆောင်ရွက်နေမှု၊ ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်ထားမှုနှင့် လမ်းပခုံးအမာခံရရှိအောင် ဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဆင်သေချောင်းတံတား (ပုပ္ပားကုန်း)သို့ရောက်ရှိပြီး ပြင်ဆင်ပေးထားသည့်တံတားထိပ်ခုံနှင့် ချဉ်းကပ်လမ်းကြံ့ခိုင်မှုအခြေအနေ၊ တံတားအောက်၌ ဆင်သေချောင်းရေ ဖြတ်သန်းစီးဆင်းမှုကြောင့် တံတားပျက်စီးမှုမဖြစ်ပေါ်စေရေး ကြိုတင်စီမံဆောင်ရွက်ထားမှုနှင့် တံတားထိပ်ခုံအောက်ခြေအား ရေထပ်မံတိုက်စားခြင်းမရှိစေရေး ကြိုတင်စီမံဆောင်ရွက်ရမည့်အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဇေယျာသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်ကို ဆက်သွယ်ထားသော ပုဗ္ဗသီရိမြို့ပတ်လမ်းပေါ်ရှိ ဆင်သေချောင်းတံတား (သိုက်ချောင်း)သို့ရောက်ရှိပြီး တံတားရေလယ်တိုင် နိမ့်ကျသွားသည့်အပိုင်းအား အဆင့်ဆင့်ပြုပြင်ဆောင်ရွက်နေမှု၊ တံတားထိပ်ခုံနှင့်ချဉ်းကပ်လမ်းအား အခိုင်အမာတည်ဆောက်နေမှုအခြေအနေတို့ကို စစ်ဆေးမေးမြန်းကာ လွန်းထိုးခြင်းနည်းစနစ်ဖြင့် ရေလယ်တိုင်နိမ့်ကျသည့်အပိုင်းအား ပြန်လည်ပြုပြင်နေမှု၊ အခိုင်အမာချဉ်းကပ်လမ်း တည်ဆောက်ပြီးစီးပါက ယာယီဘေလီတံတားများအား ဖြုတ်သိမ်းမည့်အခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး (လမ်းဟောင်း) သိုက်ချောင်း- အေလာလမ်းအပိုင်း၌ လမ်းမျက်နှာပြင်မညီညာခြင်း၊ လှိုင်းထနေခြင်းများအား အပိုင်းလိုက် စနစ်တကျပြင်ဆင်ဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(၅၀၀)

# (၁၈)ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များအစည်းအဝေး (18th ASEAN Navy Chief's Meeting) ဖွင့်ပွဲအခမ်းအနား ကျင်းပပြုလုပ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး (၁၈)ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များအစည်းအဝေး(18th ASEAN Navy Chief's Meeting) ဖွင့်ပွဲအခမ်းအနားတွင် အဖွင့်အမှာစကားပြောကြားစဉ်။

နေပြည်တော် အောက်တိုဘာ ၁၀

မြန်မာနိုင်ငံမှ ဒုတိယအကြိမ်အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် (၁၈)ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များ အစည်းအဝေး (18th ASEAN Navy Chief's Meeting) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ M Gallery Hotel ၌ ပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး တက်ရောက်အမှာစကား ပြောကြားသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဒုတိယဗိုလ်ချုပ်ကြီးထိန်ဝင်း၊ ဘရူနိုင်းနိုင်ငံ ယာယီရေတပ်ဦးစီးချုပ် Captain Haji Mohamad Sarif Pudin Bin Matserudin၊ ကမ္ဘောဒီးယား ဒုတိယရေတပ်ဦးစီးချုပ် Vice Admiral Sam Sokha၊ လာအိုပြည်သူ့တပ်မတော်စစ်ဦးစီးဌာန ဒုတိယအကြီးအကဲ Major General Vanthong Bouttavong၊ ဗီယက်နမ်ပြည်သူ့ရေတပ် ဒုတိယရေတပ်ဦးစီးချုပ် Rear Admiral Pham Nhu Xuan ၊ ထိုင်းဘုရင့်တပ်မတော်ရေတပ် ထောက်လှမ်းရေးဌာန ညွှန်ကြားရေးမှူးချုပ် Vice Admiral Puchong Pradittheera၊ တော်ဝင်မလေးရှားရေတပ် နိုင်ငံတကာဆက်ဆံရေးဌာန ညွှန်ကြားရေးမှူး Captain Mohd Irwan bin Che Mohd Rani RMN၊ မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားစစ်သံမှူး Captain (Navy) Taufiq Darlem,S.T၊ မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်စစ်သံမှူး Colonel Jose P Navarro JR PA(MNSA)နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးက အဖွင့်အမှာစကား ပြောကြားရာတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံသည် အာဆီယံနိုင်ငံများနှင့်သာမက အိမ်နီးချင်းနိုင်ငံများနှင့်လည်း ချစ်ကြည်ရင်းနှီးစွာပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့ကျင်းပသည့် (၁၈) ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များအစည်းအဝေး၏ ရွေးချယ်ထားသည့်ခေါင်းစဉ်မှာ **“ငြိမ်းချမ်းကြွယ်ဝသောဒေသဆီသို့ တက်ညီလက်ညီလှော်ခတ်ခြင်း”** ဖြစ်ပြီး မိမိတို့၏တူညီသောရည်မှန်းချက်အမြင်နှင့် စုပေါင်းစိတ်ဓာတ်ကို အကောင်အထည်ဖော်ရန်ဖြစ်သဖြင့် လက်ရှိအခြေအနေများနှင့် အလွန်လိုက်ဖက်ကြောင်း၊ အာဆီယံဒေသရေပြင်သည် အာဆီယံနိုင်ငံများအတွင်း မှီတင်းနေထိုင်သည့် နိုင်ငံသူ၊ နိုင်ငံသားအားလုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေသည့်ရပ်ဝန်းဖြစ်သည့်အတွက် ဒေသတွင်း ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ လုံခြုံရေးနှင့် သာယာဝပြောရေးတို့ကို ဦးစားပေးဆောင်ရွက်ပြီး အာဆီယံရေပြင်များအတွင်း အခြားပြင်ပစွက်ဖက်မှုများ မရှိစေရေး ပိုမိုသတိထားဆောင်ရွက်သင့်ကြောင်း၊ မိမိတို့အာဆီယံပင်လယ်ပြင်တွင် ဒေသတွင်းရေကြောင်းဘေးကင်းလုံခြုံမှုနှင့် တည်ငြိမ်ရေးတို့အတွက် အာဆီယံရေတပ်များအကြား အတူတကွလက်တွဲပြီး ကျော်ဖြတ်သွားရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးထိန်ဝင်းက (၁၈) ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များအစည်းအဝေး (18th ASEAN Navy Chief's Meeting) ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)သည် အာဆီယံရေတပ်ဦးစီးချုပ်များအစည်းအဝေးသို့ တက်ရောက်လာကြသည့် အာဆီယံရေတပ်အကြီးအကဲများ၊ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ထံသို့ အာဆီယံရေတပ်အကြီးအကဲများ၊ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များကိုယ်စား ကာကွယ်ရေးဦးစီးချုပ်(ရေ)မှ 18th ASEAN Navy Chief's Meeting အထိမ်းအမှတ် အမှတ်တရလက်ဆောင်ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

# ရန်ကင်းမြို့နယ်ရှိ စာကြည့်တိုက်များအတွက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ထောက်ပံ့ငွေနှင့်စာအုပ်စာစောင်များပေးအပ်

ရန်ကုန် အောက်တိုဘာ ၁၀

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်းရှိ The Global New Light of Myanmar သတင်းစာတိုက်အစည်းအဝေးခန်းမ၌ စာတည်းမှူးချုပ်များ၊ စာတည်းအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ The Global New Light of Myanmar သတင်းစာတိုက်အထွေထွေမန်နေဂျာက လုပ်ငန်းဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် The Global New Light of Myanmar သတင်းစာတိုက်စာတည်းမှူးချုပ်နှင့်တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။




ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်နှင့်အတူ ရန်ကင်းမြို့နယ် အမှတ်(၄)ရပ်ကွက်ရှိ မြို့မစာကြည့်တိုက်နှင့် အမှတ်(၅)ရပ်ကွက်ရှိ ရန်ကင်းဂုဏ်ရည်စာကြည့်တိုက်တို့သို့ရောက်ရှိပြီး စာကြည့်တိုက်ကြီးကြပ်မှုကော်မတီဝင်များနှင့်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ပြည်သူများ စာပေဖတ်ရှုမှုအဆင်ပြေစေရေးအတွက် စာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ပေးရန်နှင့်စာကြည့်တိုက်ကို ယခုထက်ပိုမိုတိုးတက်ကောင်းမွန်စေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အမှတ်(၄)ရပ်ကွက်ရှိ မြို့မစာကြည့်တိုက်နှင့် အမှတ်(၅)ရပ်ကွက်ရှိ ရန်ကင်းဂုဏ်ရည်စာကြည့်တိုက်တို့အတွက် ထောက်ပံ့ငွေ၊ စာကြည်တိုက်သုံးပစ္စည်းများနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန်သို့ရောက်ရှိပြီး စာပေဗိမာန်စာကြည့်တိုက်နှင့် စာအုပ်အရောင်းဆိုင်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံ၍ “စာပေမြင့်မှ လူမျိုးမြင့်မည်”၊ “အမှောင်ခွင်း၍အလင်းဆောင်အံ့”ဆိုသည့် စာပေဗိမာန်၏ဆောင်ပုဒ်နှင့်အညီ စာဖတ်ရှိန်မြှင့်တင်ရေးကို အလေးထားဆောင်ရွက်ကြရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

(၅၀၀)

# နတ်မောက်မြို့နယ်၌ ပေါ်ဦးပေါ်ဖျား သြဇာသီးများ ခူးဆွတ်ရောင်းချ



**နတ်မောက် အောက်တိုဘာ ၁၀**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်၌ ပေါ်ဦးပေါ်ဖျား သြဇာသီးများ ခူးဆွတ်ရောင်းချသူများ အပိုဝင်ငွေရ ရရှိကြောင်း သိရသည်။

အညာကျေးလက် ဒေသများနှင့် ရပ်ကွက်များတွင် မိမိတို့၏ အိမ်ခြံစည်းရိုးများတွင်လည်းကောင်း၊ ယာမြေစည်းရိုးများတွင်လည်းကောင်း နှစ်ရှည်သီးနှံများဖြစ်သည့် မာလကာပင်၊ သရက်ပင်၊ ဒန့်သလွန်ပင်၊ ဆီးဖြူပင်၊ ပိန္နဲပင်များ၊ စောင်းလျားသီးနှင့် သြဇာပင်များ စိုက်ပျိုးထားရှိကြသည်။

အဆိုပါ နှစ်ရှည်ပင်များမှ ထွက်ရှိလာသည့် အသီးအနှံများကို ရာသီအလိုက် ရောင်းချလျက်ရှိကြပြီး လက်ရှိတွင် သြဇာပင်မှ သြဇာသီးများ ရင့်မှည့်လာ၍ ခူးဆွတ်ရောင်းချလျက်ရှိကြောင်း၊ သြဇာသီးများရင့်မှည့်လာ၍ ပေါ်ဦးပေါ်ဖျား ခူးဆွတ်ရောင်းချရာ သြဇာသီးအလုံးအကြီးအသေးအလိုက် ရောင်းချရကြောင်း၊ သြဇာသီးသည် ဓာတုဆေးကင်းလွတ်သည့် သဘာဝအသီးအနှံဖြစ်ခြင်းကြောင့် စားသုံးသူကြိုက်နှစ်သက်ပြီး ဝယ်ယူစားသုံးကြသဖြင့် အပိုဝင်ငွေရရှိကြောင်း ဒေသခံများထံမှ သိရသည်။

**မူမူစန်း**

# ပုဂံမြို့ ရတနာဘုံစံတောရဓမ္မရိပ်သာကျောင်းတိုက်၌ ပဝါရဏာလောင်းလှူပူဇော်ပွဲကျင်းပမည်

**ညောင်ဦး အောက်တိုဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံမြို့ ရတနာဘုံစံတောရဓမ္မရိပ်သာကျောင်းတိုက်ရှိ မဟာဆန္ဒပြည့်အောင်တော်မူသိမ်ကျောင်း၌ ဘုရားအမှူးပြုသော သံဃာအပါး ၁၂၀ ကျော်အား ပင့်ဖိတ်၍ သီတင်းကျွတ်လပြည့်နေ့တွင် ပဝါရဏာလောင်းလှူပူဇော်ပွဲကို အစဉ်အလာမပျက် ကျင်းပမည်ဖြစ်ကြောင်း အဆိုပါကျောင်းတိုက်နာယကဆရာတော် ဘဒ္ဒန္တသာဂရထံမှ သိရသည်။

ယခုနှစ်တွင် ပဝါရဏာလောင်းလှူပူဇော်ပွဲကို ပုဂံမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် စာသင်တိုက်ကျောင်းအသီးသီးမှ ဆရာတော်၊ သံဃာတော်များနှင့် အနီးဝန်းကျင်ကျေးရွာများရှိ ဘုန်းတော်ကြီးကျောင်းများမှ ဆရာတော်၊ သံဃာတော်များ စုစုပေါင်း သံဃာတော်အရှင်သူမြတ် ၁၂၀ ပါးအား ပင့်ဖိတ်၍ သီတင်းကျွတ် ပဝါရဏာလောင်းလှူပူဇော်ပွဲကို ကျင်းပဆင်နွှဲသွားမည်ဖြစ်သည်။

အဆိုပါ သီတင်းကျွတ် ပဝါရဏာလောင်းလှူပူဇော်ပွဲကို ပုဂံမြို့ ရတနာဘုံစံတောရဓမ္မရိပ်သာကျောင်းတိုက်နာယကဆရာတော် ဘဒ္ဒန္တသာဂရ၏ ဦးဆောင်မှုဖြင့် ဒေသခံပြည်သူများနှင့် ရပ်ဝေးရပ်နီးမှ စေတနာအလှူရှင် ပြည်သူများ စုပေါင်း၍ နှစ်စဉ်သီတင်းကျွတ်လပြည့်နေ့တိုင်းကျင်းပလျက်ရှိကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၁-၁၀-၂၀၂၄(သောကြာနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၆:၀၂ | နိုင်ငံတော်သီချင်း | ၈။ | ၁၂:၄၀ | မြန်မာ့ရှုခင်း |
| ၂။ | ၇:၁၅ | မေတ္တာပို့ | ၉။ | ၁၃:၁၀ | အမှတ်တရနေ့ရက်များ |
| ၃။ | ၇:၂၅ | ဓမ္မပူဇာတေး | ၁၀။ | ၁၈:၁၅ | မျိုးချစ်တပ်မတော် |
| ၄။ | ၇:၄၀ | မျိုးချစ်တပ်မတော် | ၁၁။ | ၁၉:၀၀ | **(၃၈) ဖြာမင်္ဂလာ ဒါနဥ္စ၊ ဓမ္မစရိယာ** |
| ၅။ | ၈:၀၅ | အမျိုးသားရေးတေးကဗျာ | | | |
| ၆။ | ၈:၂၅ | နှစ် (၇၀) ကျော်ကြားတေးများ | ၁၂။ | ည ၈ နာရီ သတင်းအပြီး | နိုင်ငံတကာသတင်း |
| | | | ၁၃။ | | မိုးလေဝသသတင်း |
| ၇။ | ၁၁:၃၀ | မြတ်ဗုဒ္ဓ၏သာသနာ | ၁၄။ | | တရားတော် |

# မုံရွာခရိုင်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်တွင် ငှက်ပျော ၄၂၂၈ ဧကစိုက်ပျိုးပြီးစီး

**မုံရွာ အောက်တိုဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်တွင် ငှက်ပျောဧက ၄၂၂၈ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း မုံရွာခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်တွင် မုံရွာခရိုင်၌ ငှက်ပျော ၄၂၂၈ ဧကစိုက်ပျိုးရန်အတွက် လျာထားပြီး မေလမှစတင်၍ စိုက်ပျိုးခဲ့ကြရာ ယနေ့အထိ မုံရွာမြို့နယ်၌ ၁၃၅ ဧက၊ ဘုတလင်မြို့နယ်၌ ၂၆၉၆ ဧက၊အရာတော်မြို့နယ်၌ ၁၃၃၂ ဧကနှင့်ချောင်းဦးမြို့နယ်၌ ၆၅ ဧက စုစုပေါင်း ၄၂၂၈ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။

"ဒီနှစ် မိုးရာသီကာလ မုံရွာခရိုင်မှာ ငှက်ပျောဧက ၄၂၂၈ ဧက စိုက်ပျိုးဖို့ လျာထားတယ်။ အခုလက်ရှိအချိန်မှာတော့ ဧကအားလုံး စိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ အခုနောက်ပိုင်းလယ်ကန်သင်းတွေမှာ ငှက်ပျောစိုက်တာမျိုးလည်းတွေ့လာရတယ်။ ပိုးမွှားရောဂါကျရောက်မှုလည်းများသောအားဖြင့် သက်သာတယ်" ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဒေါ်စန်းစန်းမြင့်ကပြောသည်။

မုံရွာခရိုင်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဘေးအန္တရာယ်ကင်းရှင်းသော စားသုံးသီးနှံထုတ်လုပ်နိုင်ရေးအတွက် ဓာတုဆေး ဓာတ်ကြွင်းအန္တရာယ်ကို ဆွေးနွေးခြင်း၊ မှတ်ပုံတင်ထားသော ဓာတုပိုးသတ်ဆေးကို အညွှန်းစာပါသည့်နှုန်းထားအတိုင်း သုံးစွဲရန်ဆွေးနွေးခြင်းစသည့် စိုက်ပျိုးရေးအလေ့အကျင့်ကောင်းများနှင့်ပတ်သက်၍ ကွင်းဆင်းအသိပညာပေးလျက်ရှိကြောင်း သိရသည်။

(၄၀၉)

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအားပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ချက်**
**အကြောင်းအမျိုးမျိုးကြောင့်**
**နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့်**
**မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကိုလွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့်အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ DCS လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုမလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သောကျောင်းသား၊ ကျောင်းသူလူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့်ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့်အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီးရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (DCS) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှမြန်မာနိုင်ငံရှိ၎င်းတို့ဒေသအသီးသီးသို့ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (DCS)လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့်ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

# အအေးမိ၍ဖြစ်တတ်သော နောက်ဆက်တွဲရောဂါများ

ကြည်လွင်မြင့်(မုဒြာ)

အအေးမိခြင်းကို လွယ်လွယ်နှင့်ကုသနိုင်မည်ဟုထင်ကြသည်။ ထိုသို့မဟုတ်ပါ။ အအေးမိခြင်းကြောင့် နောက်ဆက်တွဲဆိုးကျိုးများစွာရှိသည်။ အခန့်မသင့်လျှင် တစ်ကြိမ်အအေးမိရုံဖြင့် အသက်ပါအန္တရာယ်ရှိနိုင်သည်။

စာရေးသူ၏ဆေးခန်းသို့ လေဖြတ်ပြီး ခန္ဓာကိုယ်၏ ညာဘက်တစ်ခြမ်းလုံး မလှုပ်နိုင်သူတစ်ဦး ရောက်ရှိလာသည်။ စကားလည်း ပီသအောင်မပြောနိုင်တော့ပေ။ ထိုသူသည် အသက် ၅၀ ကျော်မျှသာရှိသေးသဖြင့် အသက်ကြီးပြီဟုမဆိုသာပါ။ အပေါင်းအသင်းဟောင်းများနှင့်တွေ့ပြီး စကားစမြည်ပြောရင်း ဘီယာဆိုင်ထိုင်ခဲ့သည်ဟုဆိုသည်။ ဘီယာ၏သတ္တိကြောင့်ညက သုံးကြိမ်ခန့် ဆီးထသွားရသည်။ နံနက် ၃ နာရီခွဲခန့်တွင် နောက်ဆုံးအကြိမ်ဆီးထသွားပြီးနောက် အိမ်သာအဆင်းတွင် လဲကျနေခဲ့ရာ တစ်နာရီခန့်ကြာမှ အိမ်သားများနိုးလာပြီး သိရှိကြသည်။

ထိုဖြစ်စဉ်ကိုကြည့်၍ တစ်ရေးနိုးအပေါ့သွားတတ်သည့်အကျင့်ရှိလျှင် မိမိအိပ်ရာအနီးတွင် အိုးထားပြီးသွားလျှင် အဆင်ပြေနိုင်ပါသည်။ လေဖြတ်သူချင်းအတူတူ ဘယ်ဘက်ခြမ်းလေဖြတ်ခြင်းနှင့် ညာဘက်ခြမ်းလေဖြတ်ခြင်းမတူပါ။ လူအများစုမှာ ညာသန်များဖြစ်ကြသည်။ ညာသန်သူ ညာဘက်ခြမ်းလေဖြတ်လျှင် စကားပြောသောလျှာပါ စောင်းရွဲ့သွားသဖြင့် စကားမပီဖြစ်သွားသည်။ အနောက်တိုင်းဆေးပညာရှင်များ၏ အယူအဆမှာ ဦးနှောက်ဘယ်ဘက်ခြမ်းရှိစကားပြောဆိုမှုထိန်းချုပ်ထားသောဧရိယာ (Speak Centre) ကို သွေးထောက်ပံ့မှုမရတော့သဖြင့် စကားမပီခြင်း၊ မပြောနိုင်တော့ခြင်းဖြစ်သည်ဟုဆိုသည်။ ထို့အတူပင် ဘယ်သန်သူ ဘယ်ဘက်ခြမ်းလေဖြတ်လျှင်လည်း စကားမပီဖြစ်သည်ကိုတွေ့ရသည်။

မန္တလေးမြို့၌ အအေးမိပြီး ဖျားသူ၊ နှာစေးချောင်းဆိုးဖြစ်သူ၊ ခေါင်းအုံခေါင်းကိုက်ဖြစ်သူများမှာ ဆိုင်ကယ်စီးသူများဖြစ်ကြသည်။ နံနက်စောစောဦးထုပ်မပါဘဲ ဆိုင်ကယ်စီးပြီး ပါးရွဲ့သူမိန်းကလေးအတော်များများကို ကုသပေးဖူးသည်။ သာမန်အေးသောအချိန်တွင်ပင် ဆိုင်ကယ်စီးလျှင် လေတိုးပြီးအအေးမိနိုင်သည်ကို သတိပြုရန်လိုအပ်ပေသည်။ ယခုအခါ နိုင်ငံတစ်ဝန်း မြို့ရော၊ တောပါ ဆိုင်ကယ်စီးသူများလာသဖြင့် အအေးမိရောဂါရသူများလည်း ရေးကထက်ပို၍များလာသည်။

ဆိုင်ကယ်စီးလျှင် ရှေ့ရင်ဘတ်ကို ကာကွယ်သည့် အင်္ကျီမျိုးဝတ်ဆင်သင့်သည်။ အလွန်အေးလျှင် လည်စည်း၊ မာဖလာစသည်တို့ကို ပတ်ထားသင့်သည်။ လေကာပါသည့် ဆိုင်ကယ်ဦးထုပ်ကို ဆောင်းသင့်သည်။ လက်များအအေးမိပြီး ကျဉ်လျှင် ဆိုင်ကယ်ကိုမထိန်းနိုင်ဖြစ်လေ့ရှိသဖြင့် လက်အိတ်ဝတ်ဆင်ခြင်းသည် ပို၍စိတ်ချရသည်။ အအေးမိပြီး လက်များကျဉ်လာရာမှ ဆိုင်ကယ်မထိန်းနိုင်ဘဲ တိမ်းမှောက်သူ၊ တိုက်မိသူများလည်း တွေ့ရဖူးသည်။

ပါးရွဲ့ရောဂါသည် လေဖြတ်ရောဂါနှင့်တွဲဖြစ်ခြင်းရှိသကဲ့သို့ လေမဖြတ်ဘဲမျက်နှာ အအေးမိရာမှ ပါးရွဲ့ခြင်းလည်းရှိသည်။ အသက်ကြီးသူများတွင် လေဖြတ်ရောဂါဖြစ်သကဲ့သို့ အသက်ငယ်ရွယ်သူများမှာ ပါးရွဲ့ရောဂါဖြစ်လေ့ရှိသည်။ မိန်းကလေးများ ပို၍ အဖြစ်များသောရောဂါဖြစ်သည်။ ဓမ္မတာလာနေစဉ် ခေါင်းလျှော်သူ၊ ခေါင်းလျှော်ပြီး ဆိုင်ကယ်စီးသူ၊ ကားမှန်တစ်ခြမ်းဖွင့်စီးသူများတွင် ပို၍ဖြစ်နိုင်သည်။ အအေးမိခြင်း၏ နောက်ဆက်တွဲရောဂါတွင် ပါးရွဲ့ခြင်းမှာ အဆိုးဆုံးဖြစ်သည်။ မျက်နှာတစ်ခြမ်းရွဲ့ပြီး မျက်စိတစ်ဖက်ပိတ်မရသဖြင့် အလွန်ကြည့်ရဆိုးသည်။

> "အအေးမိခြင်းကြောင့်ဖြစ်သော အစာမကြေရောဂါလည်း ရှိသေးသည်။ ခြေဖျားလက်ဖျား အေးနေသောသူများ အစာမကြေရောဂါဖြစ်လေ့ရှိသည်။ အိမ်အပြင်၌အအေးမိလာလျှင် ပူနွေးသောအစာကိုသာ စားသင့်သည်။ အေးသောအစာ ထမင်းအေး၊ ဟင်းအေး၊ ငှက်ပျောသီး၊ ပန်းသီးစသည်တို့ကိုစားမိလျှင် အစာမခြေနိုင်သဖြင့် ချက်ချင်း ခြေဖျား၊ လက်ဖျားအေးစက်လာပြီး နေမကောင်းဖြစ်နိုင်သည်. . ."

အအေးမိခြင်းကြောင့် ဖြစ်သော အစာမကြေရောဂါလည်း ရှိသေးသည်။ ခြေဖျားလက်ဖျား အေးနေသောသူများ အစာမကြေရောဂါဖြစ်လေ့ရှိသည်။ အိမ်အပြင်၌အအေးမိလာလျှင် ပူနွေးသောအစာကိုသာ စားသင့်သည်။ အေးသောအစာ ထမင်းအေး၊ ဟင်းအေး၊ ငှက်ပျောသီး၊ ပန်းသီးစသည်တို့ကိုစားမိလျှင် အစာမခြေနိုင်သဖြင့် ချက်ချင်း ခြေဖျား၊ လက်ဖျားအေးစက်လာပြီး နေမကောင်းဖြစ်နိုင်သည်။

အအေးမိထားသူများ ထမင်းစားလျှင် အလွယ်တကူပြုလုပ်နိုင်သောဟင်းချိုမှာ ရှောက်ရွက်ဟင်းချိုဖြစ်သည်။ ရေနွေးဆူဆူကို ကြွေပန်းကန်လုံးတွင်ထည့်ပါ။ ချင်းလက်တစ်ဆစ်ခန့် ထုခြေပြီးထည့်ပါ။ ကြက်သွန်နီတစ်ဥ၊ ကြက်သွန်ဖြူခုနစ်မွှာခန့်ကိုလည်း ခဲပြားရိုက်ပြီးထည့်ပါ။ ထို့နောက် ရှောက်ရွက်အနည်းငယ်ကို ကတ်ကြေးဖြင့် ပါးပါးညှပ်ထည့်ပြီးအုပ်ထားလိုက်ပါ။ အငွေ့လုံအောင်အုပ်ထားလျှင် ဖွင့်လိုက်သောအခါ ရှောက်ရွက်နံ့မွှေးနေသော ပူနွေးသည့်ဟင်းချိုတစ်ခွက်ရရှိမည်ဖြစ်သည်။ အအေးမိခြင်းကို ကာကွယ်ပြီး အစာကြေမှုအတွက် အထောက်အကူလည်းဖြစ်သည့် အလွယ်တကူပြုလုပ်နိုင်သော ဟင်းချိုတစ်ခွက်ဖြစ်သည်။

အဆုတ်ပွရောဂါ၊ အဆုတ်အအေးမိရောဂါဖြစ်ပွားသူများ၏ အဆုတ်ကို ဓာတ်မှန်ရိုက်ကြည့်သောအခါ အဆုတ်အတွင်းတွင် ရေငွေ့များရောက်နေသည်ကိုတွေ့ရသည်။ ရေငွေ့ကြောင့် အဆုတ်တွင် ပြင်ပမှ ရှူသွင်းသောလေအပြည့်မဝင်နိုင်တော့သဖြင့် မောပြီးအသက်ရှူကျပ်သောဝေဒနာကို ခံစားရသည်။ ရင်ဘတ်အအေးမိသူများမှာ အဆုတ်ရောင်ရောဂါနှင့် ပန်းနာရင်ကျပ်ရောဂါများပါဖြစ်နိုင်သည်။ အဲယားကွန်းဖွင့်ပြီး အိပ်သူများတွင် ရင်ဘတ်အအေးမိခြင်း၊ အဆုတ်ပွခြင်းရောဂါများ ဖြစ်လေ့ရှိသဖြင့် အလွန်အကဲအေးအောင် မဖွင့်သင့်ပေ။

ခြေဖျားအေးမူနဖူးပူ၊ ထိုလူဖျားမည်မှတ်ဟု ရှေးကဗိန္ဒောဆရာကြီးများပြောသည့် လင်္ကာရှိသည်။ ရေစပ်စပ်၊ သမံတလင်း၊ ကျောက်ပြားစသည့် အေးသောနေရာတွင် ကြာကြာရပ်ပြီး အလုပ်လုပ်ရသူ၊ လမ်းလျှောက်ရသူများသည် ဖျားချင်သလိုဖြစ်ပြီဟုထင်သောအခါ နဖူးကိုစမ်းကြည့်လေ့ရှိသည်။ နဖူးပူပြီး ခြေဖျားအေးနေလျှင် ဖျားတော့မည်၊ ဆေးကြိုတင်သောက်ဖို့လိုပြီဟုဆိုသည်။

ချင်း၊ ထန်းလျက်ပြုတ်ရည်သည် ရှေးကတည်းက မြန်မာလူမျိုးတို့အသုံးပြုခဲ့သော အအေးမိအဖျားကာကွယ်ဆေးဖြစ်သည်။ ငန်းဆေးခါး ဆေးပူတစ်မျိုးမျိုးကို ကွမ်းရွက်ပြုတ်ရည်ဖြင့် သောက်သည့်အလေ့အထလည်းရှိသည်။ ကွမ်းရွက်သည် အခိုးပွင့်စေသော အရွက်မျိုးဖြစ်သည်။

ခြေဖျားအေးသောသူကို ဝမ်းမနုတ်ရ၊ သဘော်သီးမှည့်၊ ငှက်ပျောသီးမှည့် စသောအအေးစာများမကျွေးရ၊ ဝမ်းနူးစေသည့် ပဲဟင်း၊ ချဉ်ရည်ဟင်း၊ မန်ကျည်းဖျော်ရည်၊ သံပရာရည် စသည်တို့ကိုမပေးရဟု ရှေးဆရာကြီးများမိန့်မှာလေ့ရှိသည်။ ခြေဖျားအေးသူဝမ်းပျက်လျှင် ထိန်းမရဘဲ အထက်လန်အောက်လျှောရောဂါ ဖြစ်တတ်သည်။

အအေးမိသူသည် ဆန်ပြုတ်၊ စွပ်ပြုတ် ပူပူသောက်ပြီး စောင်ဖြင့် နွေးထွေးစေသော အခန်း၊ လေလုံသောအခန်းတွင် တစ်ရက်ခန့် အနားယူသင့်သည်။ ခြေဖျားနွေးမှ ထမင်းစားသင့်သည်။ လေတိုက်သောနေရာတွင်နေခြင်း၊ ရေအေးချိုးခြင်းတို့ကို ရှောင်ကြဉ်သင့်ကြောင်း ရေးသားလိုက်ရပါသည်။ ။

# ကန်ကြီးထောင့်မြို့နယ်၌ မိုးသီးနှံစိုက်ပျိုးရာသီတွင် သီးနှံစုံ ၁၃၅၆၈၃ ကေစိုက်ပျိုးပြီးစီး

ကန်ကြီးထောင့် အောက်တိုဘာ ၁၀

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် သီးနှံစုံ ၁၃၅၆၈၃ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းစိုး၏ပြောပြချက်အရ သိရသည်။

ကန်ကြီးထောင့်မြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် သီးနှံစုံ ၁၄၃၉၈၈ ကေကို ခွန်လပထမပတ်မှစ၍ လျာထားစိုက်ပျိုးခဲ့ရာ လက်ရှိတွင် သီးနှံစုံ ၁၃၅၆၈၃ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်သည်။ ထိုသို့စိုက်ပျိုးပြီးဖြစ်သော သီးနှံစုံ ၁၃၅၆၈၃ ကေမှာ စပါး ၁၃၄၆၅၈ ကေ၊ မြေပဲကေ ၃၀၊ ဖူးစားပြောင်း ၂၂ ကေ၊ ငရုတ် ၉၆ ကေနှင့် ဟင်းသီးဟင်းရွက် ၈၇၈ ကေဖြစ်သည်။

"ကန်ကြီးထောင့်မြို့နယ်မှာ ဒီနှစ်မိုးသီးနှံစိုက်ပျိုးရာသီမှာ မြို့နယ်တစ်မြို့နယ်လုံးအနေနဲ့ သီးနှံစုံ ၁၄၃၉၈၈ ကေ လျာထားစိုက်ပျိုးခဲ့ပါတယ်။ လက်ရှိမှာတော့ ၁၃၅၆၈၃ ကေအထိ စိုက်ပျိုးပြီးစီးပါပြီ။ သီးနှံတွေ လျာထားကေထက်ကျော်လွန်စိုက်ပျိုးနိုင်ဖို့ လုပ်ဆောင်နေပါတယ်။ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးနိုင်ဖို့၊ စိုက်ပျိုးထားတဲ့သီးနှံတွေ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့၊ ဈေးကွက်ဝင်သီးနှံတွေ စိုက်ပျိုးနိုင်စေဖို့ နည်းပညာတွေနဲ့ တခြားပံ့ပိုးမှုတွေကို သီးနှံမစိုက်ပျိုးမီ စိုက်ပျိုးရေးဦးစီးဌာနက တောင်သူအသိပညာပေးလုပ်ငန်းတွေကို ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်။ ဒီနှစ် မိုးသီးနှံစိုက်ပျိုးတဲ့အခါ ဒေသနဲ့ကိုက်ညီပြီး ဈေးကွက်ရှိတဲ့သီးနှံတွေကို အများဆုံးစိုက်ပျိုးပါတယ်"ဟု ဦးဝင်းစိုးကပြောသည်။



ကန်ကြီးထောင့်မြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် သီးနှံများအောင်မြင်ဖြစ်ထွန်းစေရန်၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရန်၊ သဘာဝဘေးနှင့် တခြားအကြောင်းများကြောင့် ပျက်စီးလေလွင့်မှုမရှိစေရန် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများ မြေပြင်ကွင်းဆင်းပြီး တောင်သူအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးကြောင်း သိရသည်။

သုတကျော်

# ပွင့်ဖြူမြို့နယ်၌ နေကြာစိုက်ခင်းများရိတ်သိမ်းခြွေလှေ့ တစ်ဧက ၁၉ ဒသမ ၃၂ တင်းခန့်ထွက်ရှိ



ပွင့်ဖြူ အောက်တိုဘာ ၁၀

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်ရှိ ဒေသခံတောင်သူများက ဆောင်းသီးနှံပြန်လည် အစားထိုး စိုက်ပျိုးနိုင်ရေးအတွက် နေကြာစိုက်ခင်းများ စတင်ရိတ်သိမ်းခြွေလှေ့လျက်ရှိပြီး တစ်ဧကလျှင် နေကြာသီးနှံ ၁၉ ဒသမ ၃၂ တင်းခန့် ထွက်ရှိကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

“နေကြာသီးနှံစိုက်ပျိုးရေးနဲ့ ပတ်သက်ပြီး တောင်သူတွေကို အဆင်ပြေစွာ စိုက်ပျိုးနိုင်ဖို့ အတွက်ဒေသနဲ့ ကိုက်ညီတဲ့ နေကြာမျိုးကောင်းမျိုးသန့်တွေ ဝယ်ယူစိုက်ပျိုးနိုင်အောင် ချိတ်ဆက်ဆောင်ရွက်ပေးပါတယ်။ နောက်ပြီး သီးနှံအထွက်နှုန်း ကောင်းမွန်စေဖို့ကိုလည်း သက်ဆိုင်ရာ နယ်မြေအလိုက် ကွင်းဝန်ထမ်းတွေက ကွင်းဆင်းကြီးကြပ်ပြီး စိုက်ပျိုးရေးနည်းပညာများနဲ့သွင်းအားစုပစ္စည်းများ အချိုးကျမှန်ကန်စွာသုံးစွဲနည်း၊ သီးနှံပိုးမွှားရောဂါ ကြုံတင်ကာကွယ်ရမယ့် နည်းလမ်းတွေကို ပံ့ပိုးကူညီဆောင်ရွက်ပေးပါတယ်”ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်၌ ယခု ၂၀၂၄ -၂၀၂၅ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံစိုက်ပျိုးစွမ်းအား တိုးတက်စေရန်နှင့်ပြည်တွင်းစားသုံးဆီ ဖူလုံပိုလျှံစေရန်ရည်ရွယ်၍ နေကြာသီးနှံစိုက်ဧက ၉၃၀ ဧက၊ မြေပဲ ၁၆၆၁ ဧက၊ နှမ်း ၁၃၃၉၅ ဧက စုစုပေါင်း ဆီထွက်သီးနှံစုံ စိုက်ဧက ၁၅၉၈၆ ဧက လျာထားစိုက်ပျိုးဆောင်ရွက်ခဲ့ရာ လက်ရှိတွင် စိုက်ပျိုးနိုင်မှုမှာ မြေပဲသီးနှံ ၃၆၁၉ ဧက၊ နှမ်း ၂၄၇၂၀ ဧက၊ နေကြာ ၁၀၄၆ ဧက စုစုပေါင်း ဆီထွက်သီးနှံစုံ ၂၉၃၈၅ ဧက စိုက်ပျိုးဆောင်ရွက်နိုင်ခဲ့ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**လှိုင်ဝင်းလေး( ပွင့်ဖြူမြေ )**

# မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)ရန်ပုံငွေများ တတိယအကြိမ်ထုတ်ချေး

နေပြည်တော် အောက်တိုဘာ ၁၀

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆင်သေကျေးရွာရှိ ကျေးလက်နေပြည်သူများ နေကြာအပါအဝင် အခြားဆီထွက်သီးနှံ စိုက်ပျိုးသော တောင်သူများ လိုအပ်လျက်ရှိသည့် မျိုးစေ့၊ သွင်းအားစုနှင့် စိုက်ပျိုးစရိတ်များ ဝယ်ယူသုံးစွဲနိုင်ရန်၊ အတိုးနှုန်းသက်သာသော ချေးငွေများ ပံ့ပိုးပေးနိုင်ရန် ရည်ရွယ်၍မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) လည်ပတ်ရန်ပုံငွေများ တတိယအကြိမ်ထုတ်ချေးခြင်းအခမ်းအနားကို အောက်တိုဘာလ ၁၀ ရက် နံနက်ပိုင်းတွင် အဆိုပါကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ တပ်ကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မင်းထွန်းက လည်ပတ်ရန်ပုံငွေများ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များအား ပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)လုပ်ငန်း အဖွဲ့ဝင်များထံသို့ လည်ပတ်ရန်ပုံငွေကျပ် ၁၀၅ သိန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက တောင်သူ ၄၃ ဦးကို လည်ပတ်ရန်ပုံငွေကျပ် ၁၀၅ သိန်းအား တောင်သူများ တစ်ဦးချင်း လက်ဝယ်အရောက် အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးကြောင်း သိရသည်။

**စိန်လွင်(ကျေးလက်)**

# တမူးခရိုင်၌ ဟင်းသီးဟင်းရွက်သီးနှံ ၃၃၃၅ ဧကစိုက်ပျိုးပြီးစီး

တမူး အောက်တိုဘာ ၁၀

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးချိန်တွင် ဟင်းသီးဟင်းရွက်သီးနှံ ၃၃၃၅ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှသိရသည်။

၂၀၂၄-၂၀၂၅ ခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်တွင် တမူးခရိုင်၌ ဟင်းသီးဟင်းရွက်သီးနှံဧက ၃၃၁၈ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ်မေလမှစတင်၍ စိုက်ပျိုးခဲ့ကြရာ ယနေ့အထိ ၃၃၃၅ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။

" စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံးကို GAPစနစ်နဲ့စိုက်ပျိုးနိုင်အောင် တောင်သူတွေကို နည်းပညာပေးတယ်။စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံးကို တောင်သူတွေကို ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင် ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာတွေပေးနေတယ်"ဟု တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးဦးလှမြင့်ကပြောသည်။

ယခုနှစ် တမူးခရိုင်တွင် မြို့နယ်အလိုက်ဟင်းသီးဟင်းရွက်သီးနှံစိုက်ပျိုးပြီးစီးမှုအနေဖြင့် မြို့သစ်မြို့နယ်၌ ၈၇၀ ဧက၊ တမူးမြို့နယ်၌ ၉၄၅ ဧကနှင့်ခါမ်းပါတ်မြို့၌ ၁၅၂၀ ဧက စုစုပေါင်း ၃၃၃၅ ဧကတို့ဖြစ်ကြောင်း သိရသည်။

တမူးခရိုင်တွင် နှစ်စဉ် ရာသီအလိုက် စိုက်ပျိုးကြသော ဟင်းသီးဟင်းရွက် သီးနှံ များ အောင်မြင်ဖြစ်ထွန်းကြောင်း၊ ဟင်းသီးဟင်းရွက်စိုက်ပျိုးမည့် တောင်သူများအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းစင်ရေး၊ သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေးနှင့် ပိုးနှင်ဆေးပြုလုပ်သုံးစွဲရေး အသိပညာပေးလျက်ရှိကြောင်း သိရသည်။ **(၄၀၉)**



# တန်ဖိုးမြှင့်စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာ သင်တန်းဖွင့်လှစ် ပို့ချမည်

မန္တလေး အောက်တိုဘာ ၁၀

မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဆန်၊ ပဲ၊ ပြောင်းနှင့်ဂျုံများအား အခြေခံ၍ တန်ဖိုးမြှင့်စားသောက်ကုန်များအဖြစ် ကျန်းမာရေးနှင့်ညီညွတ်စွာ ထုတ်လုပ်တတ်စေရန်၊ ကုန်ထုတ်လုပ်ငန်းများတိုးပွားလာခြင်းဖြင့် ပြည်သူများအလုပ်အကိုင်အခွင့်အလမ်းများရရှိလာစေရန်၊ မိသားစုတစ်နိုင်တစ်ပိုင်လုပ်ငန်းများလုပ်ကိုင်လာခြင်းဖြင့် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများထူထောင်၍မိသားစုဝင်ငွေတိုးစေရန်ရည်ရွယ်၍ တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းကို အောက်တိုဘာလ ၂၁ ရက်မှ ၂၅ ရက်အထိ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ၈၂ လမ်းနှင့် ၂၅ လမ်းထောင့်တွင် သင်တန်းကျောင်းအခမဲ့ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

သင်တန်းတက်ရောက်လိုသူများအနေဖြင့် မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဖုန်း- ၀၂-၄၀၃၉၆၀၉၊ ၀၉-၉၅၇၄၈၅၉၀၄ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။

**မောင်ပြည်သူ(မန္တလေး)**

# မျိုးချစ်အောင်ပွဲ

❖ အဆို အက အရေး အတီး
သွေးတကြီးကြီး ဂုဏ်ယူစရာ။
မြန်မာ့ရိုးရာယဉ်ကျေးမှု
အနုပညာ။
တို့ခေလေ့ စဉ်အလာ
အလင်္ကာဖွဲ့ သံချိုတေး။
ငွေရတု အကြိမ်မြောက်
ထိန်တောက်လို့မွှေး။
❖ တို့ရိုးရာ တို့ထိန်းမှ
တို့ကိန်းခန်း သာမည်ပင်။
ကမ်းဆင့်လာ တို့အမွေနှစ်
ချစ်ကြစေချင်။
တို့အမြင် စိတ်ဓာတ်နဲ့
သိပ်မဟပ်တဲ့ အနောက်ဉာဉ်
ဖောက်ဝင်လာ တစိမ့်စိမ့်။
အဖျက်အမှိုက်ကိုဖြင့်
လက်ပိုက်ကာ ကြည့်နေပါက
အမိမြေလွှာ တန်ခိုးမှောက်လို့
မျိုးပျောက်ပေလိမ့်။
❖ မြန်မာပီသပါတဲ့
မဟာဂီတ မြှင့်တင်ကာ။
ပန်တျာမှု အလှအနု
အကမုဒြာ။
တို့စာပေ ရေးသားအဖွဲ့
တေးသွားနွဲ့ ကြားသည့်အခါ
အားရှိလာ ရင်ထဲ။
ညီအောင်ပြုကာပ
ပြည်ထောင်စု နှမ အစ်ကိုတို့
အက အဆို အတီး အရေးတွေနဲ့
စည်းဝေးကာ သဘင်သာတော့
မင်္ဂလာ ဆယ်ပြန်သစ်တယ်လို့
တေးကဗျာ ကြွေးကာဟစ်မိတယ်
မျိုးချစ်အောင်ပွဲ။ ။

**ချစ်စုအောင်**

## အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များသို့ အသိပေးကြေညာချက်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်မှုနှင့်အညီ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေပုဒ်မ ၂၀(ဂ) တွင် သတ်မှတ်ပြဋ္ဌာန်းချက်အရ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေကို နိုင်ငံတော်၏မတည်ထောက်ပံ့ငွေဖြင့် ထူထောင်ထားရှိပြီး အဆိုပါရန်ပုံငွေမှ ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့်တိုင်းဒေသကြီး၊ ပြည်နယ်များရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများသို့ သက်သာသောအတိုးနှုန်းဖြင့် မြန်မာ့စီးပွားရေးဘဏ်မှတစ်ဆင့် ချေးငွေများထုတ်ချေးပေးလျက်ရှိပါသည်။

၂။ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေမှထုတ်ချေးသောချေးငွေကို ရယူလိုသူ MSME လုပ်ငန်းရှင်များ ချေးငွေရယူမှု ပိုမိုအဆင်ပြေစေရန်အတွက် မြန်မာ့စီးပွားရေးဘဏ်အပြင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ် (၁၅) ဘဏ်တွင်လည်း ချေးငွေများလျှောက်ထားနိုင်ပြီဖြစ်ပါသည်-

(က) မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊
(ခ) ကမ္ဘောဇရတနာဘဏ်လီမိတက်၊
(ဂ) ရွှေ(ကျေးလက်နှင့်မြို့ပြ)ဖွံ့ဖြိုးတိုးတက်ရေးဘဏ်လီမိတက်၊
(ဃ) ပထမပုဂ္ဂလိကဘဏ်လီမိတက်၊
(င) ကမ္ဘောဇဘဏ်လီမိတက်၊
(စ) အသေးစားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးရေးဘဏ်လီမိတက်၊
(ဆ) မြန်မာ့အရှေ့တိုင်းဘဏ်လီမိတက်၊
(ဇ) မြန်မာ့ခရီးသွားဘဏ်လီမိတက်၊
(ဈ) မြန်မာနိုင်ငံသားများဘဏ်လီမိတက်၊
(ည) သမဝါယမဘဏ်လီမိတက်၊
(ဋ) မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက်၊
(ဌ) မြန်မာမက်ထရိုဘဏ်လီမိတက်၊
(ဍ) ရောဝတီဘဏ်လီမိတက်၊
(ဎ) သတ္တုဖွံ့ဖြိုးရေးဘဏ်၊
(ဏ) ဆောက်လုပ်ရေး၊အိမ်ရာနှင့်အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဘဏ်၊
(တ) ရောဝတီတောင်သူလယ်သမားများ ဖွံ့ဖြိုးရေးဘဏ်လီမိတက်၊

၃။ သို့ဖြစ်ပါ၍ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ချေးငွေလျှောက်ထားရာတွင် ပြည်ထောင်စုနယ်မြေ/တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီရုံးခွဲများမှတစ်ဆင့် လျှောက်ထားနိုင်ပြီး နီးစပ်ရာ MSME အေဂျင်စီရုံးခွဲများသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့**

## ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သောဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီ မှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ် (Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီ မှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အားဆောင်ရွက်ပြီး တရားဝင်သွားရောက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

အလုပ်သမားဝန်ကြီးဌာန

# MFF Royal-D U19 Futsal Championship

## ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားနှင့် အုပ်စုပွဲစဉ်များစတင်ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၀**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် MFF Royal-D U19 Futsal Championshipပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားနှင့် အုပ်စုပွဲစဉ်များကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ MFF Futsal Stadium ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးထိပ်ခွန်နောင်မြင့်ဝေ၊ ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီဥက္ကဋ္ဌ ဦးဝင်းသော်နှင့်တာဝန်ရှိသူများ၊ အားကစားသမားများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌက ပြိုင်ပွဲဝင်အသင်းများကို အမှတ်တရဘောလုံးလက်ဆောင်များ ပေးအပ်ခဲ့ပြီး အုပ်စုပွဲစဉ်များယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးခဲ့ကြသည်။

MFF Royal-D U19 Futsal Championship ပြိုင်ပွဲအုပ်စုပွဲစဉ်များယှဉ်ပြိုင်ကစားခဲ့ရာ Insein City အသင်းက United Phoenix အသင်းကို ၁၁ ဂိုး ၁ ဂိုးဖြင့်လည်းကောင်း၊ The Underdog FCအသင်းက Team Teenger FC အသင်းကို ၈ ဂိုး ၃ ဂိုးဖြင့်လည်းကောင်း၊ Generations Youth အသင်းက Power HBI အသင်းကို ၁ ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ JZ Yangon FC အသင်းက Team Greatest FC အသင်းကို ၁၀ ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ Red Eagle FC အသင်းက 16/1 FCအသင်းကို ၄ ဂိုး ၃ ဂိုးဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ပြီး FCT Youthအသင်းနှင့် Bushido Youth အသင်းတို့ပွဲစဉ်တွင် တစ်ဂိုးစီသရေ ရလဒ်ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

**စည်သူအောင်**

# သက်ကြီးစာပေပညာရှင်များပူဇော်ကန်တော့ပွဲအတွက် အလှူငွေများလှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၁၀**

၁၃၈၆ ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့ အထိမ်းအမှတ် (၃၇)ကြိမ်မြောက် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် စေတနာရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ အသင်းအတွင်းရေးမှူး ဦးညွန့်တင်(မောင်ငြိမ်းသူ-ကြို့ပင်ကောက်)နှင့် တွဲဖက်အတွင်းရေးမှူး(၃)ဦးအောင်ကြည်(အောင်ကြည်ညွန့် -တက္ကသိုလ်)တို့က လက်ခံရယူပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားကြသည်။

ထိုသို့လှူဒါန်းရာတွင်သာကေတမြို့နယ် စာရေးဆရာအသင်းက အလှူငွေကျပ် ငါးသိန်း၊ ဦးစိုးမြင့်(စိုးမှူး)-ဒေါ်ကြည်ကြည်ခင်(စိုးကြည်ဖြူ)၊သမီး-အကယ်ဒမီစိုးမြတ်သူဇာမိသားစုက ငွေကျပ်သုံးသိန်း၊ ဒေါပုံမြို့နယ် စာရေးဆရာအသင်းက ငွေကျပ် ၂၂၅၀၀၀၊ မော်ဘီမြို့နယ် စာရေးဆရာအသင်းက ငွေကျပ် ၁၅၀၀၀၀၊ ဗဟန်းမြို့နယ် စာရေးဆရာအသင်းက ငွေကျပ်တစ်သိန်းနှင့် သန်လျင်မြို့နယ် စာရေးဆရာအသင်းက ငွေကျပ်သုံးသောင်းတို့ လှူဒါန်းခဲ့ကြသည်။

အလှူရှင်များအနေဖြင့် အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာရေးဆရာအသင်း၊ အမှတ် (၁၇၃/၁၇၅)၊ (၇)လွှာ၊ ပန်းဆိုးတန်းလမ်း (အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၅၂၄၁၇၊ ၀၉-၄၅၀၀၉၀၄၈၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့်သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့်သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်းဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
(၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁
(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂
(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS)၀၉- ၂၅၅၀၀၂၅၀၇
(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈
(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉
(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀
(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု(SMS) ၀၉- ၂၅၅၀၀၂၅၁၁
(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂
(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃
(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄
(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉- ၂၅၅၀၀၂၅၁၅
(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**



အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီအစည်းအဝေး(၂/ ၂၀၂၄)တွင် အမှာစကားပြောကြားစဉ်။

**◆ နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် တိုင်းပြည်၏အဓိကမောင်းနှင်အားမှာ စီးပွားရေးဖြစ်၊ စီးပွားရေးတွင် MSME သည် အဓိကအခန်းကဏ္ဍမှပါဝင်. . .**

**◆ မိမိတို့နိုင်ငံအနေဖြင့် MSME စီးပွားရေးလုပ်ငန်းအကောင်အထည်ဖော်မှုတွင် နိုင်ငံ၏ GDP ပါဝင်နှုန်းမှာ ၃၀ ရာခိုင်နှုန်းအထိသာ ခန့်မှန်းပါဝင်လျက်ရှိနေသေးသဖြင့် GDP ပါဝင်မှုအချိုးတိုးတက်စေရန်၊ အလုပ်အကိုင်အခွင့်အလမ်းပိုမိုရရှိစေရန် MSME လုပ်ငန်းများကို ပြည်နယ်နှင့်တိုင်းဒေသကြီးရှိ MSME အေဂျင်စီများက သက်ဆိုင်ရာပြည်နယ်နှင့်တိုင်းဒေသကြီးမှ ဝန်ကြီးချုပ်များ၏အနီးကပ်ဦးဆောင်လမ်းညွှန်မှုဖြင့် စုပေါင်းဆွေးနွေးပြီး နည်းလမ်းများဖော်ထုတ်၍ မိမိတို့၏ OROP မှတစ်ဆင့် MSME စီးပွားရေးလုပ်ငန်းများ အမြန်ဆုံးအောင်မြင်အောင် အကောင်အထည်ဖော်နေကြရမည်ဖြစ် . . .**

○ ကျောဖုံးမှအဆက်

တာဝန်ရှိသူများတက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီအစည်းအဝေး(၁/၂၀၂၄)ကို ၂၀၂၄ ခုနှစ် မတ်လ ၂၀ ရက်နေ့တွင်ကျင်းပပြုလုပ်ခဲ့ပြီး MSME ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအရေးပါသည့် ဆုံးဖြတ်ချက်များချမှတ်ခဲ့ကာ သက်ဆိုင်ရာဝန်ကြီးဌာန/အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအစိုးရအဖွဲ့များနှင့်အေဂျင်စီများ ချိတ်ဆက်ညှိနှိုင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

ယနေ့လုပ်ငန်းကော်မတီ၏ (၂/၂၀၂၄) ကျင်းပရသည့်ရည်ရွယ်ချက်မှာ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များဖြစ်သည့်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် ကုန်ထုတ်လုပ်မှုနှင့် စက်မှုလုပ်ငန်းများကို ပိုမိုလည်ပတ်နိုင်ပြီး ထိုမှတစ်ဆင့် ဝန်ဆောင်မှုလုပ်ငန်းများလည်း တိုးတက်လာစေရန်နှင့်နိုင်ငံ၏ GDP တိုးတက်လာနိုင်ရေး၊ စားသောက်ကုန်များကိုသာမက အခြား လူသုံးကုန်ပစ္စည်းများကိုလည်း အရည်အသွေးပြည့်မီစွာဖြင့် ပြည်တွင်း၌ လုံလောက်စွာထုတ်လုပ်နိုင်ပြီး ပြည်ပမှ တင်သွင်းနေရမှုများကို လျှော့ချနိုင်ရေး၊ ပြည်တွင်းထုတ်လုပ်သည့် MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး အားပေးဆောင်ရွက်သွားနိုင်ရေး၊ အရည်အသွေးမြင့်ချည်မျှင်ရှည်ဝါမျိုးများကို အာရုံစိုက်ပြီး စိုက်ပျိုးမှုမှသည် အဆင့်မီအထည်အလိပ်ထုတ်လုပ်ခြင်းအထိ ဝါတန်ဖိုးကွင်းဆက်တစ်ခုလုံး တိုးတက်ကောင်းမွန်လာအောင် ဆောင်ရွက်နိုင်ရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးအတွက် ကျွမ်းကျင်လုပ်သားများမွေးထုတ်ပေးနိုင်ရေး စသည်တို့ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်နှင့်ပံ့ပိုးဆောင်ရွက်ပေးရမည့်ကိစ္စရပ်များကို ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးနိုင်ရန်၊ လုပ်ငန်းကော်မတီ၏အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် သက်ဆိုင်ရာဝန်ကြီးဌာန/အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအေဂျင်စီများက တွန်းအားပေးလုပ်ဆောင်နိုင်ရန်နှင့် ရှေ့ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်နိုင်ရန်တို့အတွက် ကျင်းပရခြင်းဖြစ်ကြောင်း။

နိုင်ငံ့စီးပွား မြှင့်တင်ရေးအတွက် တိုင်းပြည်၏ အဓိကမောင်းနှင်အားမှာ စီးပွားရေးဖြစ်ကြောင်း၊ စီးပွားရေးတွင် MSME သည် အဓိကအခန်းကဏ္ဍမှပါဝင်ကြောင်း၊ ထို့ကြောင့် MSME စီးပွားရေးလုပ်ငန်းများအောင်မြင်မှုမှ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်လာစေရေး နိုင်ငံတိုင်းက ကြိုးပမ်းဆောင်ရွက်နေကြကြောင်း၊ ဒေသအလိုက် MSME စီးပွားရေးလုပ်ငန်း၏ GDP ပါဝင်နှုန်းကိုကြည့်မည်ဆိုပါက အရှေ့တောင်အာရှနိုင်ငံများတွင် ပျမ်းမျှ ၃၀ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းကြား၊ အာဆီယံနိုင်ငံများ၏ ၃၉ ရာခိုင်နှုန်းနှင့် OECD နိုင်ငံများတွင် ၄၁ ဒသမ ၅၈ ရာခိုင်နှုန်းပါဝင်ပြီး အလုပ်အကိုင်ရှာဖွေဖော်ထုတ်ပေးနိုင်မှုအနေဖြင့် အရှေ့တောင်အာရှနိုင်ငံများ၌ ၆၆ ဒသမ ၈၇ ရာခိုင်နှုန်း၊ အာဆီယံနိုင်ငံများ၌ ၇၂ ဒသမ ၃ ရာခိုင်နှုန်းနှင့် OECD နိုင်ငံ၌ ၆၂ ဒသမ ၂၅ ရာခိုင်နှုန်းရှိကြောင်း ထုတ်ပြန်ချက်များအရ သိရှိရကြောင်း။

မိမိတို့နိုင်ငံတွင်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံရေးရည်မှန်းချက်(၂)ရပ်ဖြစ်သည့် "စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး"၊ အမျိုးသားရေးရည်မှန်းချက်(၂)ရပ်ဖြစ်သည့် "တိုင်းပြည်သာယာဝပြောရေးနှင့် စား၊ ရေရိက္ခာဖူလုံရေး"တို့ကို နိုင်ငံတော်၏ မျှော်မှန်းချက်များအဖြစ် ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံရေးရည်မှန်းချက်(၂)ရပ်ကို ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် အကောင်အထည်ဖော်လျက်ရှိပြီး အမျိုးသားရေးရည်မှန်းချက်(၂)ရပ်ကို စီးပွားရေးဦးတည်ချက်(၃)ချက်ဖြင့် အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ထို့ကြောင့် MSME စီးပွားရေးလုပ်ငန်းသည် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပြည်တွင်းထုတ်ကုန်အားပေးရေး၊ သွင်းကုန်အစားထိုးရေးနှင့် ပို့ကုန်ရရှိရေးဆိုသည့် အချက်(၃)ချက်ဖြင့်ရည်ရွယ်ပြီး MSME အားပေးမြှင့်တင်ရေး အစီအစဉ်များ ချိတ်ဆက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

ထို့ကြောင့် မိမိတို့နိုင်ငံအနေဖြင့် MSME စီးပွားရေးလုပ်ငန်းအကောင်အထည်ဖော်မှုတွင် နိုင်ငံ၏ GDP ပါဝင်နှုန်းမှာ ၃၀ ရာခိုင်နှုန်းအထိသာ ခန့်မှန်းပါဝင်လျက်ရှိနေသေးသဖြင့် GDP ပါဝင်မှုအချိုးတိုးတက်စေရန်၊ အလုပ်အကိုင်အခွင့်အလမ်းပိုမိုရရှိစေရန် MSME လုပ်ငန်းများကို ပြည်နယ်နှင့်တိုင်းဒေသကြီးရှိ MSME အေဂျင်စီများက သက်ဆိုင်ရာပြည်နယ်နှင့်တိုင်းဒေသကြီးမှ ဝန်ကြီးချုပ်များ၏ အနီးကပ်ဦးဆောင်လမ်းညွှန်မှုဖြင့် စုပေါင်းဆွေးနွေးပြီး နည်းလမ်းများဖော်ထုတ်၍ မိမိတို့၏ OROP မှတစ်ဆင့် MSME စီးပွားရေးလုပ်ငန်းများ အမြန်ဆုံးအောင်မြင်အောင် အကောင်အထည်ဖော်နေကြရမည်ဖြစ်ကြောင်း။

MSME စီးပွားရေးလုပ်ငန်းအပါအဝင်မည်သည့် စီးပွားရေးလုပ်ငန်းမျိုးမဆို အခြေခံလိုအပ်ချက်မှာ နည်းပညာ၊ ငွေကြေးအရင်းအနှီး၊ ဈေးကွက်ကုန်ကြမ်း၊ စက်ပစ္စည်းနှင့် မြေနေရာလိုအပ်ချက်တို့ပင်ဖြစ်ကြောင်း၊ ထို့ကြောင့် MSME စီးပွားရေးလုပ်ငန်း အကောင်အထည်ဖော်ရမည့် အထူးစီးပွားရေးဇုန်များ၊ ပြည်တွင်းစက်မှုဇုန်များအတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ မြန်မာ့အထူးစီးပွားရေးဇုန်ဥပဒေ(၂၀၂၄)နှင့် နည်းဥပဒေ(၂၀၁၅)တို့နှင့် စက်မှုဝန်ကြီးဌာန စက်မှုဇုန်နည်းဥပဒေများ(၂၀၂၃)တို့ကို ထုတ်ပြန်ပြီး အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ ဥပဒေ၊ နည်းဥပဒေများပါ အချက်အလက်များသည် မြေနေရာ၊ ငွေကြေးအရင်းအနှီးနှင့် ဈေးကွက်ရှာဖွေရရှိမှုတို့အတွက် များစွာအထောက်အကူပြုစေမည့်လမ်းညွှန်ချက်များ၊ နည်းပညာရရှိရေးနှင့်သင်ယူလေ့လာနိုင်ရန် ကျွမ်းကျင်လုပ်သားများ၊ အခြေခံလုပ်သားများ လိုအပ်ချက်ရရှိရေးဆောင်ရွက်နိုင်မည့် နည်းလမ်းများပါရှိပြီး ယင်းနည်းလမ်းများရရှိနိုင်ရေး လမ်းညွှန်မှုပေးမည့် ဌာနဆိုင်ရာများကလည်း အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိရာ လုပ်ငန်းများအဆင်ပြေချောမွေ့စေရန် လုပ်ငန်းကော်မတီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အေဂျင်စီများက လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် တိုက်တွန်းလိုကြောင်း။

ယနေ့အထိ နိုင်ငံတစ်ဝှမ်း MSME များကို အားဖြည့်ပေးနေသည့် စက်ရုံ၊ အလုပ်ရုံနှင့် စက်မှုဇုန်၊ စက်မှုရပ်ကွက်များတည်ရှိမှုကို ကြည့်မည်ဆိုပါက နိုင်ငံပိုင် စက်ရုံ၊ အလုပ်ရုံ (၁၀၂) ခု၊ ပုဂ္ဂလိကပိုင်စက်ရုံ၊ အလုပ်ရုံ (၄၇၁၁၉)ခု၊ စက်မှုဇုန်၊ စက်မှုရပ်ကွက် (၃၃) ခု၊ အထူးစီးပွားရေးဇုန်(၃)ခုအပါအဝင် ရေနက်ဆိပ်ကမ်း(၂)ခုလျာထားဆောင်ရွက်လျက်ရှိသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း၊ နည်းပညာနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က KG+9 အောင်မြင်ပြီးသူများကို Vocational Training ပေးပြီး အခြေခံလုပ်သားဘဝမှ ကျွမ်းကျင်လုပ်သားဖြစ်စေရေး၊ သာမန်အတန်းပညာ

စာမျက်နှာ ၁၂ သို့ ○

**◆ ယနေ့အထိ နိုင်ငံတစ်ဝှမ်း MSME များကို အားဖြည့်ပေးနေသည့် စက်ရုံ၊ အလုပ်ရုံနှင့် စက်မှုဇုန်၊ စက်မှုရပ်ကွက်များတည်ရှိမှုကို ကြည့်မည်ဆိုပါက နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံ (၁၀၂) ခု၊ ပုဂ္ဂလိကပိုင်စက်ရုံ၊ အလုပ်ရုံ (၄၇၁၁၉)ခု၊ စက်မှုဇုန်၊ စက်မှုရပ်ကွက် (၃၃) ခု၊ အထူးစီးပွားရေးဇုန်(၃)ခုအပါအဝင် ရေနက်ဆိပ်ကမ်း(၂) ခုလျာထားဆောင်ရွက်လျက်ရှိသည်ကို တွေ့ကြရမည်ဖြစ် . . .**

**◆ လုပ်ငန်းကော်မတီအနေဖြင့် Agency အလိုက် ဘက်စုံကဏ္ဍစုံဖြည့်ဆည်းပေးရန် ယေဘုယျမှန်ကန်သော်လည်း လူသားအရင်းအမြစ်နှင့် ငွေကြေးအပါအဝင် သွင်းအားစုများကိုအကန့်အသတ်ဖြင့်သာဆောင်ရွက်ပေးနိုင်မည်ဖြစ်၍ အဓိကသွင်းအားစုများကို မှန်ကန်သောနေရာများတွင် မဟာဗျူဟာကျကျရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန်လိုအပ် . . .**

❍ စာမျက်နှာ ၁၁ မှအဆက်

တတ်မြောက်သူနှင့်လုံးဝစာမတတ်မြောက်သူများကိုလည်း လက်တွေ့နယ်ပယ်အလိုက်အသုံးပြုကြရမည့်အခြေခံလုပ်သား၊ ကျွမ်းကျင်လုပ်သားများဖြစ်စေရေး လေ့ကျင့်ဆောင်ရွက်ပေးရမည်ကို လမ်းညွှန်မှာကြားထားကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာန (၁၀) ခုမှ ကာလတို၊ ကာလရှည်သင်တန်း (၂၆၀)ခုရှိရာ ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ ယနေ့အထိ သင်တန်းအမျိုးအစားပေါင်း (၃၈၇) ခုဖွင့်လှစ်နိုင်ခဲ့ပြီး ဖွင့်လှစ်ပြီးအကြိမ်အရေ (၅၅၁၂) ကြိမ်၊ တက်ရောက်ပြီးသင်တန်းသား သင်တန်းသူ စုစုပေါင်းဦးရေ (၁၁၇၁၁၈) ဦး၊ တက်ရောက်ဆဲ သင်တန်းသား သင်တန်းသူ စုစုပေါင်းဦးရေ (၈၇၅) ဦး ရှိပြီးဖြစ်ကြောင်း၊ ယင်းသင်တန်းများကို အနာဂတ်စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး စဉ်ဆက်မပြတ်ဖွင့်လှစ်သင်ကြားပေးနေမည်ဖြစ်သကဲ့သို့ စက်မှုဝန်ကြီးဌာန၏ Website တွင်လည်း MSME ခေါင်းစဉ် Link ဖြင့် ဝန်ကြီးဌာနများမှ MSME စီးပွားရေးလုပ်ငန်းအတွက် လေ့ကျင့်သင်ကြားပေးနိုင်သော သင်တန်းများကို အခမဲ့ဝင်ရောက်လေ့လာကြည့်ရှုနိုင်ကြောင်း။

MSME စီးပွားရေးလုပ်ငန်းများလျင်မြန်စွာ အောင်မြင်ဖြစ်ထွန်းလာစေရေးအားပေးမြှင့်တင်မှု မူဘောင်နှင့်စပ်လျဉ်း၍ MSME စီးပွားရေးလုပ်ငန်းများ လျင်မြင်စွာ အောင်မြင်ဖြစ်ထွန်းလာစေရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ကိုယ်စားဖွဲ့စည်းပေးထားသည့် လုပ်ငန်းကော်မတီ၏ယန္တရားသည် မြန်ဆန်မှန်ကန်သော အုပ်ချုပ်မှုပုံစံ(Efficient Governance) ဖြစ်ရန်လိုအပ်ပြီး မြန်ဆန်မှန်ကန်သော အုပ်ချုပ်မှုပုံစံ (E.G) က လက်တွေ့နယ်ပယ် လိုအပ်ချက်များကိုအခြေခံပြီး စနစ်တကျ ရွေးချယ်အထောက်အကူပြု ဆောင်ရွက်ပေးခြင်း(Selective Intervention)နှင့် ဈေးကွက်တုံ့ပြန်မှုနှင့် လုပ်ငန်းဖော်ဆောင်မှု အခက်အခဲများကို ဖြေရှင်းပေးနိုင်ရန်အတွက် ပြောင်းလွယ်ပြင်လွယ်ရှိသည့် ဝန်ဆောင်မှုပေးခြင်း (Adaptive Service Provision) စသည့်စံနှုန်းသတ်မှတ်ချက်ထားရှိ၍ MSME လုပ်ငန်းကို အထောက်အကူပြုပေးရမည်ဖြစ်ကြောင်း။

လုပ်ငန်းကော်မတီအနေဖြင့် Agency အလိုက် ဘက်စုံကဏ္ဍစုံဖြည့်ဆည်းပေးရန် ယေဘုယျမှန်ကန်သော်လည်း လူသားအရင်းအမြစ်နှင့် ငွေကြေးအပါအဝင် သွင်းအားစုများကို အကန့်အသတ်ဖြင့်သာ ဆောင်ရွက်ပေးနိုင်မည်ဖြစ်၍ အဓိကသွင်းအားစုများကို မှန်ကန်သောနေရာများတွင် မဟာဗျူဟာကျကျရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန်လိုအပ်ကြောင်း၊ ယင်းလိုအပ်ချက်ကိုလည်း ပြည်တွင်းပြည်ပဈေးကွက်သုတေသနများ MSME လုပ်ငန်းများအလိုက် စစ်တမ်းများကို စနစ်တကျအသုံးချပြီး လုပ်ငန်းမြှင့်တင်ရန်ကိစ္စ၊ ဝန်ဆောင်မှုပေးရန်ကိစ္စနှင့်လိုအပ်ချက်အရ လမ်းညွှန်တည့်မတ်ပေးရန် စသည့်ယန္တရားများကို Agency များက မှန်ကန်စွာရွေးချယ်ဆောင်ရွက်ပေးကြရန်ဖြစ်ကြောင်း၊ ပြောင်းလွယ်ပြင်လွယ်ရှိသည့် ဝန်ဆောင်မှုပေးနိုင်ရေးအတွက် စီးပွားရေးကဏ္ဍ၏ အခြေအနေအရပ်ရပ်သည် အမြဲတစေ အပြောင်းအလဲမြန်ဆန်ပြီး ကြိုတင်ခန့်မှန်းရန်ခက်ခဲခြင်း၊ နေရာဒေသနှင့်အချိန်ကာလပေါ်မူတည်ပြီး ပြောင်းလဲနိုင်ခြင်းတို့ကြောင့် Agency များကလည်း ပြောင်းလဲဖြစ်ပေါ်တတ်သည့် ဈေးကွက်တုံ့ပြန်မှုအရ အလားအလာရှိသော လုပ်ငန်းများ၌ ကြုံတွေ့ရသည့်အခက်အခဲများကို လိုအပ်သလို ပြောင်းလွယ်ပြင်လွယ်ကူညီလမ်းညွှန်ပေးနိုင်ရေးစီမံဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း။

Selective Intervention နှင့် Adaptive Service Provision ၏ အဓိကလိုအပ်ချက်မှာ သတင်းအချက်အလက်များ မှန်မှန်ကန်ကန် မြန်မြန်ဆန်ဆန် ရယူအသုံးပြုနိုင်ခြင်းကလည်း အရေးကြီးပြီး ရနိုင်သည့် သတင်းအချက်အလက်များအား လုပ်ငန်းကော်မတီယန္တရားမှ ဖွဲ့စည်းပေးထားသည့် စစ်တမ်းကောက်ယူခြင်းနှင့် သုတေသနပြုလုပ်သည့် လုပ်ငန်းခွဲနှင့်စောင့်ကြည့်စစ်ဆေးသည့်လုပ်ငန်းခွဲများကို အထောက်အကူပြုပေးနိုင်မည်ဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းခွဲများ၏ အရည်အချင်းနှင့် လုပ်နိုင်စွမ်းအားကို လိုအပ်ချက်များနှင့်အညီ ကိုက်ညီအောင်လေ့ကျင့်သင်ကြားမှုများဖြင့် စနစ်တကျ မြှင့်တင်ပေးကြရမည်ဖြစ်ကြောင်း။

လေ့ကျင့်သင်ကြားမှုတွင် မိမိတို့ယန္တရား၏လိုအပ်ချက်အရ လေ့ကျင့်ပေးရမည့် မွမ်းမံသင်တန်းများရှိသကဲ့သို့ MSME လုပ်ငန်းများ လက်တွေ့လုပ်ကိုင်နေသော စက်မှုဇုန်များရှိ စက်ရုံ၊ အလုပ်ရုံများမှ အခြေခံနှင့် ကျွမ်းကျင်လုပ်သားများတွင် လိုအပ်သည့် လုပ်ငန်းနှင့် ကိုက်ညီမည့် သင်တန်းများကိုလည်း လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် စဉ်ဆက်မပြတ်ဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း။

ထို့ပြင် ယခင်လုပ်ငန်းကော်မတီ အစည်းအဝေးများတွင် ဆွေးနွေးဆုံးဖြတ်ခဲ့သည့် တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ပြည်ထောင်စုအဆင့် MSMEs အားပေးမြှင့်တင်ရေးအစီအစဉ်ရေးဆွဲထားရှိရန်လိုအပ်ပြီး OROP ပတ်သက်၍ အမြဲလေ့လာသုံးသပ်နေရမည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းကော်မတီဦးဆောင်မှုဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် "ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ" ကျင်းပပြုလုပ်နိုင်ရေးအတွက် လုပ်ငန်းကော်မတီအဖွဲ့ဝင်များအနေဖြင့် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့်အခက်အခဲများ၊ အားသာချက်၊ အားနည်းချက်များကိုလည်း ယခုအစည်းအဝေးတွင်ဆွေးနွေးပေးစေလိုကြောင်း။

နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်အနေဖြင့် MSME လုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိပြီး ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီများမှ မူဝါဒဆိုင်ရာလမ်းညွှန်မှာကြားချက်များအပေါ် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဒေသဆိုင်ရာအစိုးရနှင့်အေဂျင်စီများ၊ ပုဂ္ဂလိကအသင်းအဖွဲ့များက တာဝန်ခံမှု၊ တာဝန်ယူမှုတို့ဖြင့် ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်ကာ MSME ကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် ယနေ့အစည်းအဝေးကို တက်ရောက်လာကြသူများအားလုံးက နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်သည့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးကူညီချိတ်ဆက်ဆောင်ရွက်ပေးရမည့် အချက်များကို လက်တွေ့ကျကျ ဝိုင်းဝန်းဆွေးနွေးပေးကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီအတွင်းရေးမှူး စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်က လုပ်ငန်းကော်မတီ အစည်းအဝေး(၁/၂၀၂၄)အစည်းအဝေးဆုံးဖြတ်ချက်အပေါ် ဆောင်ရွက်ထားရှိမှုအခြေအနေနှင့် လုပ်ငန်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီသို့ တင်ပြမည့်အမှာစာများကို လုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ အေဂျင်စီဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်၊ လုပ်ငန်းသုံးသပ်မှုအစီရင်ခံရေးအဖွဲ့ဥက္ကဋ္ဌ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်တို့က ဖတ်ကြားတင်ပြကြသည်။

ဆက်လက်၍ လုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်နှင့် ဒေါက်တာချာလီသန်းတို့က နိုင်ငံတော်ဝန်ကြီးချုပ်၏လမ်းညွှန်ချက်ဖြစ်သည့် ဝါ၊ ချည်ထည်နှင့်ဆီထွက်သီးနှံလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး မူဝါဒများချမှတ်ပြီးအကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ နိုင်ငံတော်မှချမှတ်ထားသည့်မူဝါဒနှင့်အညီ ထုတ်ချေးထားသည့်ငွေကြေးဆိုင်ရာအချက်အလက်များ၊ ငွေကြေးဆိုင်ရာစည်းမျဉ်းစည်းကမ်းများ၊ စိုက်ပျိုးရေး၊ မွေးမြူရေး အခြေခံတန်ဖိုးမြှင့်ထုတ်ကုန်များနှင့် OROP လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် လုပ်ငန်းကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများနှင့်အသင်းအဖွဲ့များမှ ပညာရှင်များက ယခင်အစည်းအဝေးဆုံးဖြတ်ချက်များနှင့် လမ်းညွှန်ချက်များအပေါ် သက်ဆိုင်ရာကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်လျက်ရှိမှု၊ ပြည်ပကုန်စည်ပြပွဲများတွင် MSMEs ထုတ်ကုန်များ ပါဝင်ပြသခဲ့မှု၊ သက်မွေးသင်တန်းများ ဖွင့်လှစ်သင်ကြားပေးနေမှု၊ ပြည်တွင်း ပြည်ပဈေးကွက်သုတေသန လုပ်ငန်းဖွံ့ဖြိုးရေးလုပ်ငန်းများ အားပေးဆောင်ရွက်လျက်ရှိမှု၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၊ မူဘောင်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ရှင်းလင်းဆွေးနွေးတင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

၁၀-၁၀-၂၀၂၄

## ထူးခြားသည့် နေ့အပူချိန်များ

| | | | | |
|---|---|---|---|---|
| မြင်းမူ | ၃၆ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယက် |
| အောင်လံ | ၃၆ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယက် |
| ချောက် | ၃၆ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယက် |
| မကွေး | ၃၆ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် |
| ညောင်ဦး | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| စစ်ကိုင်း | ၃၅ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် |
| မန္တလေး | ၃၅ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယက် |
| ပဲခူး | ၃၅ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယက် |
| မုံရွာ | ၃၅ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| ရမည်းသင်း | ၃၅ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |

# စဉ်ဆက်မပြတ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေး

မောင်မောင်စွယ်စုံထွန်း

ယခုတလော Social Media များတွင် မီးခဏခဏပျက်သည့်အပေါ် ပြည်သူအချို့က ယခင်ကလို "LNG သင်္ဘောကြီးခေါ်ပြီးလျှပ်စစ်ဓာတ်အားထုတ်ပါလား" စသည်ဖြင့် LNG (Liquefied Natural Gas) ဈေးနှုန်းကို ထည့်မစဉ်းစားဘဲ ပြောနေကြသံများကို ကြားရသဖြင့် ဓာတ်အားထုတ်လုပ်ရာတွင် အချိုးကျကျ ထုတ်လုပ်ရသည့် Generation Mix အကြောင်းကို ရှင်းပြရန် လိုအပ်လာသည်ဟုယူဆမိပါ၍ ရှင်းလင်းတင်ပြရခြင်းဖြစ်သည်။ ပြည်သူအများစုအနေဖြင့် ဓာတ်အားထုတ်လုပ်နိုင်မှု ပြည့်စုံတည်ငြိမ်မှုရှိမှသာ လျှပ်စစ်မီးကို တောက်လျှောက်ဆက်တိုက်ပေး၍ ရမည်ဆိုသည်ကို နားမလည်ကြသလို လက်ခံလိုကြခြင်းလည်းမရှိကြပါ။ နားလည်လက်ခံကြသည်မှာ သူတို့နေအိမ်နှင့်အလုပ်ရုံများတွင် မီတာခလည်း မတက် လျှပ်စစ်မီးလည်းပြတ်တောက်မှုမရှိဘဲ အမြဲမပြတ်ရရှိနေရေးသာဖြစ်နေသည်။ ထို့ကြောင့် လျှပ်စစ်မီးခဏခဏမပြတ်အောင် ဆောင်ရွက်ရာတွင် အလွန်အရေးကြီးလှသော အချက်တစ်ချက်ဖြစ်သည့် ဓာတ်အားထုတ်လုပ်သည့်စက်ရုံများ အချိုးညီစွာ တည်ဆောက်ထုတ်လုပ်သွားနိုင်ရေး (Generation Mix)ကို ဗဟုသုတအနေဖြင့် သိရှိနိုင်ကြစေရန် ယခုဆောင်းပါးအား ရေးသားတင်ပြလိုက်ရခြင်းလည်း ဖြစ်သည်။

Generation Mix ဆိုသည်မှာ မတူညီသည့် စွမ်းအင်အမျိုးအစား (ဥပမာ-ရေအားဒီဇယ်သဘာဝဓာတ်ငွေ့ နေရောင်ခြည်စသည်ဖြင့်) အသုံးပြုလျက် လျှပ်စစ်ထုတ်လုပ်သည့် ဓာတ်အား ထုတ်လုပ်စက်အမျိုးမျိုးမှ လျှပ်စစ်ကိုအချိုးကျထုတ်လုပ်ရောနှောပြီး ထွက်ရှိလာသည့် လျှပ်စစ်များကို ကွန်ရက်ချိတ်ဆက်၍ မီးသုံးသူများထံသို့ ဓာတ်အားသယ်ယူပို့လွှတ်ဖြန့်ဖြူးပေးခြင်းဖြစ်သည်ဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ နိုင်ငံတစ်နိုင်ငံအနေဖြင့် မိမိနိုင်ငံတွင်ရှိသည့် သယံဇာတအရင်းအမြစ်များ၊ စွမ်းအင်အရင်းအမြစ်များ၊ ငွေကြေးအရင်းအမြစ်များကို စီမံခန့်ခွဲနိုင်မှုအပေါ်တွင် မူတည်၍ မိမိနိုင်ငံနှင့်လျော်ညီသည့် ပြည်သူများ လက်ခံနိုင်စွမ်းရှိသော မီတာခနှုန်းထားနှင့်ကိုက်ညီသည့် Generation Mix ကို ကြိုတင်စီမံချက်ရေးဆွဲလျက် ခိုင်ခိုင်မာမာအတည်ပြုပြီးနောက် အဆိုပါ Generation Mix အချိုးအတိုင်း အနီးစပ်ဆုံးရောက်ရှိအောင် နှစ်စဉ်စီမံကိန်းများ ချမှတ်တည်ဆောက်လျက် ထုတ်လုပ်မှုအပိုင်းကို ဆောင်ရွက်ကြရသည်။

၂၀၁၅ ခုနှစ်က JICA အကူအညီဖြင့် ဂျပန်နှင့်မြန်မာပညာရှင်များက မြန်မာနိုင်ငံအတွက် တစ်နှစ်ပတ်လုံး မီးမှန်မှန်ပေးနိုင်စေမည့် Generation Mix အတွက် ၂၀၃၀ ပြည့်နှစ်အထိ Master Plan တစ်ခုကို ရေးဆွဲထားခဲ့ဖူးသည်။ ယင်း Master Plan အရ ၂၀၂၄ ခုနှစ်တွင် မြန်မာတစ်နိုင်ငံလုံးအတွက် စက်တပ်ဆင်အင်အား မဂ္ဂါဝပ်မည်မျှရှိရမည်ဖြစ်သည်ဟု အချိုးကျရေးဆွဲပါရှိခဲ့ပြီးဖြစ်သော်လည်း အကြောင်းကြောင်းကြောင့် အဆိုပါ Plan အတိုင်း တည်ဆောက်ထုတ်လုပ်နိုင်ခဲ့ခြင်းမရှိဘဲ လက်ရှိတွင် နေ့စဉ်ပျမ်းမျှအားဖြင့် လျှပ်စစ်ထုတ်လုပ်မှုအချိုးသည် သဘာဝဓာတ်ငွေ့နှင့် အခြားက ၅၅ ရာခိုင်နှုန်းဖြစ်ပြီး ရေအားက ၄၅ ရာခိုင်နှုန်းခန့် ဖြစ်ပေါ်နေသေးရာ Generation Mix အားနည်းချက် ဆက်လက်ဖြစ်ပေါ်ပြီး နွေရာသီရေလျောင်တမံနှင့် မြစ်ချောင်းများ ရေနည်းချိန် ပြည်သူများ ဓာတ်အားလိုအပ်ချက်များလာချိန်များတွင် တည်ငြိမ်သော လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် အခက်အခဲများဖြစ်ပေါ်ခဲ့ရခြင်းဖြစ်သည်။ ၂၀၁၅ ခုနှစ်နောက်ပိုင်းကာလများတွင် လွတ်လပ်သည့်ဓာတ်အားထုတ်လုပ်သူ (Independent Power Producer – IPP) ကုမ္ပဏီများနှင့် LNG သင်္ဘောများဖြင့် လျှပ်စစ်ထုတ်လုပ်ပေးနိုင်ခဲ့သဖြင့် Load တည်ငြိမ်မှုရရှိခဲ့၍ ဓာတ်အားပြတ်တောက်မှု နည်းပါးခဲ့သည်။ သို့သော် ၂၀၂၁ ခုနှစ် နောက်ပိုင်းကာလများတွင် ပြည်သူအချို့ထံမှဓာတ်အားခများ ကောက်ခံမရရှိခြင်း၊ ကိုဗစ်ကာလအလွန်နှင့် ယူကရိန်းစစ်ပွဲကြောင့် LNG ဈေးနှုန်းများ မြင့်မားလာခြင်းတို့ကြောင့် ဓာတ်အားဆက်လက်ထုတ်လုပ်နိုင်စွမ်းမရှိဘဲ သင်္ဘောကိုပြန်လည်ရုပ်သိမ်းသွားခဲ့သဖြင့် Load တည်ငြိမ်မှုကိုဆောင်ရွက်ရန် အခက်အခဲများပြန်လည် ဖြစ်ပေါ်လာခြင်းဖြစ်သည်။ ထို့ပြင် တစ်နှစ်ပတ်လုံး စဉ်ဆက်မပြတ် ဓာတ်အားထုတ်လုပ်ပေးနိုင်သည့် လောပိတရေအားလျှပ်စစ်စက်ရုံမှ ဓာတ်အားသယ်ယူသည့် မဟာဓာတ်လိုင်းတိုင်ကြီးများ ဖျက်ဆီးခံရခြင်း၊ ဓာတ်အားခွဲရုံနှင့်စက်ရုံများ ဖျက်ဆီးခံရခြင်း၊ ရတနာသဘာဝဓာတ်ငွေ့မြေမှ ဓာတ်ငွေ့ထွက်ရှိမှုကျဆင်းလာခြင်းတို့ကြောင့် ယခင်ထုတ်လုပ်နိုင်မှု၏ ထက်ဝက်ကျော်ခန့်သာ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်လျက်ရှိသည်။



သို့ဖြစ်ရာ Generation Mix တွင် ရေအားစက်ရုံများသည်သာ အဓိကမောင်းနှင်အား ပြန်လည်ဖြစ်ပေါ်လာခဲ့ပြီး နွေရာသီရေနည်းသည့်အချိန်တွင် ထုတ်လုပ်နိုင်မှုကျဆင်းလာသဖြင့် Generation Mix အချိုးကျထုတ်လုပ်နိုင်မှုမရှိခြင်းသည် တည်ငြိမ်စွာ ဓာတ်အားပေးနိုင်မှုအပေါ် အကျိုးသက်ရောက်စေပြီး "လျှပ်စစ်မီးခဏခဏပျက်သည်" ဟူသော ပြည်သူတို့၏အမြင်အား ဖြစ်ပေါ်လာစေခဲ့ခြင်းသာ ဖြစ်သည်။

အဆိုပါအခြေအနေများကို လွန်မြောက်နိုင်စေရန်နှင့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေး ညီလာခံများ၏ သဘောတူညီချက်များအရ လျှပ်စစ်ဓာတ်အားကို တစ်နိုင်ငံလုံးမှ ပြည်သူအားလုံးသာတူညီမျှရရှိသုံးစွဲနိုင်ရေးအတွက် ရည်မှန်းချက်ထားကာ မူဝါဒအသစ်များ ချမှတ်ခဲ့ပြီးနောက် ၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံးလျှပ်စစ်ဓာတ်အား ရာနှုန်းပြည့်သုံးစွဲရရှိနိုင်ရေးအတွက် စွမ်းအင်အရင်းအမြစ်အမျိုးမျိုးမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ပို့လွှတ်ဖြန့်ဖြူးနိုင်ရေး စီမံချက်အသစ်များ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရသည်။ ထို့ကြောင့် မြန်မာနိုင်ငံ အမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှုလျှော့ချရေးနှင့် လိုက်လျောညီထွေရှိစေရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မှုအစီအစဉ် (Nationally Determine Contribution –NDC)အရ Generation Mix Plan အသစ်တစ်ရပ်ကို ထပ်မံရေးဆွဲနိုင်ခဲ့ပြီး ၂၀၂၂ ခုနှစ် ဇူလိုင်လတွင် အတည်ပြုနိုင်ခဲ့ပါသည်။ အဆိုပါ Plan အသစ်အရ ၂၀၃၀ ပြည့်နှစ်တွင် ရေအားလျှပ်စစ်ပါဝင်မှု ၂၈ ရာခိုင်နှုန်း ၅၁၅၆ မဂ္ဂါဝပ်၊ နေရောင်ခြည်နှင့် လေစွမ်းအင်ကဲ့သို့သော ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ပါဝင်မှု ၁၁ ရာခိုင်နှုန်း ၂၀၀၀ မဂ္ဂါဝပ်၊ သဘာဝဓာတ်ငွေ့/ကျောက်မီးသွေးကဲ့သို့သော အခြားရုပ်ကြွင်းလောင်စာများနှင့် နျူကလီးယားစသည်တို့မှထွက်ရှိသော စွမ်းအင်ပါဝင်မှု ၆၁ ရာခိုင်နှုန်း ၁၁၀၀၀ မဂ္ဂါဝပ်ခန့် ပါဝင်လျာထားရေးဆွဲထားခဲ့ပြီးဖြစ်သည်။ သို့ဖြစ်ပါ၍ ယခုအခါ သုံးနှစ်တာကာလအတွင်း နိုင်ငံတော်ဓာတ်အားစနစ်အတွင်းသို့ နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံရှစ်ရုံ စုစုပေါင်း လျှပ်စစ်စက်တပ်ဆင်အင်အား ၂၄၀ မဂ္ဂါဝပ်အထိ တိုးတက်ထုတ်လုပ်နိုင်ခဲ့ပြီးဖြစ်သဖြင့် လက်ရှိအချိန်တွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့်ရေအား ၄၅ ရာခိုင်နှုန်း၊ သဘာဝဓာတ်ငွေ့ ၅၀ ရာခိုင်နှုန်း၊ နေရောင်ခြည် ၃ ရာခိုင်နှုန်းနှင့် ကျောက်မီးသွေး ၂ ရာခိုင်နှုန်းတို့ဖြင့် လျှပ်စစ်ဓာတ်အားကို အချိုးကျထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိပါသည်။ လက်ရှိအချိန်တွင် စွမ်းအားပြည့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးနိုင်ရေးအတွက် စက်ရုံနှင့် ဓာတ်အားလိုင်းများကို ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများနှစ်စဉ်ဆောင်ရွက်လျက်ရှိပြီး လျှပ်စစ်ဓာတ်အားထိန်းညှိထုတ်လုပ်ဖြန့်ဖြူးနိုင်မှုမှာ အများဆုံး ၃၀၀၀ မဂ္ဂါဝပ်ခန့်သာရှိရာ အနည်းဆုံးဓာတ်အား လိုအပ်ချက်မှာ ၄၂၀၀ မဂ္ဂါဝပ်ခန့်ဖြစ်၍ အများပြည်သူမီးသုံးစွဲမှုများသော နံနက်ပိုင်းနှင့် ညနေပိုင်းအချိန်များတွင် ဓာတ်အား ၁၂၀၀ မဂ္ဂါဝပ်ခန့်ကို ဝန်အားထိန်းညှိလျှော့ချရခြင်းအား မဖြစ်မနေလုပ်ဆောင်နေရခြင်းသာဖြစ်သည်။ ၂၀၂၄ ခုနှစ် မတ်လအထိ တစ်နိုင်ငံလုံးအိမ်ထောင်စု စုစုပေါင်း ၁၀ သန်းကျော်ရှိသည့်အနက် ၇ သန်းကျော်အား လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်ရန် ဖြန့်ဖြူးပေးနိုင်ခဲ့ပြီးဖြစ်၍ တစ်နိုင်ငံလုံး၏ လျှပ်စစ်ဓာတ်အားရရှိမှုအချိုးမှာ ယခုအခါ ၆၇ ဒသမ ၃၄ ရာခိုင်နှုန်းသို့ ရောက်ရှိလာခဲ့ပြီလည်းဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် ထုတ်လုပ်မှုစရိတ်သက်သာ၍တစ်ယူနစ်ဓာတ်အားခဈေးနှုန်းချိုသာစေသော ရေအားစက်ရုံများကို ထပ်မံတည်ဆောက်သွားရန်နေရာများစွာရှိသော်လည်း စီမံကိန်းအများစုမှာ လက်ရှိအချိန်တွင် ပြည်တွင်းပဋိပက္ခများကြောင့် ရပ်ဆိုင်း၊ ဆိုင်းငံ့ထားခြင်းများရှိနေသဖြင့် ရှေ့ဆက်မတိုးနိုင်သေးဘဲ ၇ ရာခိုင်နှုန်းခန့်သာ ထုတ်လုပ်နိုင်သေးပြီး ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များကိုသာ ဦးစားပေးတည်ဆောက်နေရခြင်းဖြစ်သည်။ ထိုသို့ဓာတ်အားခများစွာသက်သာစေပြီး သဘာဝအတိုင်းဖြစ်တည်နေခြင်းဖြစ်သော်လည်း မြန်မာနိုင်ငံ၏ ရေအားလျှပ်စစ်စီမံကိန်းများ၊ စက်ရုံများ တည်ဆောက်ထုတ်လုပ်ရန်မှာ အခက်အခဲများစွာဖြစ်နေခြင်းကလည်း နိုင်ငံတော်နှင့်ပြည်သူတို့အတွက်များစွာနစ်နာဆုံးရှုံးမှုများဖြစ်ပေါ်စေပြီး ပြည်သူများလျှပ်စစ်ဓာတ်အားလုံလောက်စွာရရှိရေးအတွက် အခက်အခဲများစွာကိုဖြစ်ပေါ်စေလျက်ရှိသည်။ သို့ပါ၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် တည်ဆောက်ဆဲ ရေအားလျှပ်စစ်စီမံကိန်းများကို အလျင်အမြန်ပြီးစီးအောင် ကြိုးစားတည်ဆောက်လျက်ရှိခြင်းမှာ တည်ဆောက်ချိန် ၈ နှစ်မှ ၁၀ နှစ်ခန့်အနည်းဆုံးကြာမြင့်သဖြင့် နောင်လာမည့်နှစ်ကာလများတွင် ယနေ့ကာလကဲ့သို့ မျိုးဆက်သစ်တို့အား ဒုက္ခမရောက်ကြစေရန်ကြိုတင်၍ စီမံကိန်းများချမှတ်ဆောင်ရွက်လျက်ရှိနေခြင်းဖြစ်သည်။

မြန်မာနိုင်ငံအနီးရှိ ဘူတန်နိုင်ငံတွင် ရေအားအရင်းအမြစ် ထက်ဝက်နီးပါးခန့်ကို အသုံးချနိုင်ပြီး လက်ရှိစက်တပ်ဆင်အင်အား ၁၆၀၀ မဂ္ဂါဝပ်ခန့် ထုတ်လုပ်နိုင်သဖြင့် ပိုလျှံသော လျှပ်စစ်စွမ်းအင်ကို ပြည်ပသို့ရောင်းချနိုင်ပြီး ကြွယ်ဝချမ်းသာလျက်ရှိသလို အိမ်နီးချင်း လာအိုနိုင်ငံတွင်လည်း သဘာဝကပေးသည့် ရေအားအရင်းအမြစ် သုံးပုံနှစ်ပုံခန့်ကို အသုံးချနိုင်ခဲ့ပြီဖြစ်သဖြင့် လက်ရှိစက်တပ်ဆင်အင်အား ၁၈၀၀၀ မဂ္ဂါဝပ်ခန့်ထုတ်လုပ်ပေးနိုင်ခဲ့ရာ ပိုလျှံသောလျှပ်စစ်စွမ်းအင်ကို ပြည်ပသို့ရောင်းချလျက်ရှိပြီး မြန်မာနိုင်ငံအနေဖြင့်လည်း အရေးပေါ်လိုအပ်လျက်ရှိသော လျှပ်စစ်ဓာတ်အားကို လာအိုနိုင်ငံမှ လျှပ်စစ် ၁၀၀၀ မဂ္ဂါဝပ်ခန့်ဝယ်ယူသုံးစွဲနိုင်ရေးအတွက်လည်း ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။

ဤနေရာတွင် လျှပ်စစ်စွမ်းအင်ထုတ်လုပ်မှုနှင့် စပ်လျဉ်း၍ ထုတ်လုပ်မှုအမျိုးအစားအလိုက် စက်စွမ်းအင်အချိုးကိန်း (Capacity Factor) နှင့် တစ်ယူနစ်ဈေးနှုန်းများကို ပြည်သူများနှိုင်းယှဉ်တွက်ချက်၍ သိရှိနိုင်ရန်အကျဉ်းမျှဖော်ပြပေးလိုပါသည်။ "What next now" ၏ အဆိုအရ တည်ဆောက်သည့်စက်ရုံအမျိုးအစားအလိုက်ထုတ်လုပ်နိုင်သော စွမ်းအင်မှာ တည်ဆောက်သည့် စက်အင်အား၏ ဆိုလာ Plant တွင် ၁၀ ရာခိုင်နှုန်း မှ ၂၅ ရာခိုင်နှုန်း ၊ လေအား Plant တွင် ၂၅ ရာခိုင်နှုန်း၊ ရေအားစက်ရုံတွင် ၄၀ ရာခိုင်နှုန်း၊ ကျောက်မီးသွေးစက်ရုံတွင် ၇၀ ရာခိုင်နှုန်း ၊ နျူကလီးယားစက်ရုံတွင် ၈၉ ရာခိုင်နှုန်း နှင့် သဘာဝဓာတ်ငွေ့သုံးစက်ရုံများတွင် ၃၈ ရာခိုင်နှုန်း စက်စွမ်းအင်မြှောက်ကိန်း ရှိကြောင်းသိရှိရသည်။ ပို၍ရှင်းအောင်ပြောရလျှင် လျှပ်စစ်စက်တပ်ဆင်အင်အား (Installed capacity) ဆိုသည်မှာ စာမျက်နှာ ၁၄ သို့ ◆

◆ စာမျက်နှာ ၁၃ မှအဆက်

စက်တပ်ဆင်ထားသောအားကို ပြောခြင်းသာဖြစ်ပြီး တစ်နှစ်တာအမှန်တကယ် မောင်းနှင်ထုတ်လုပ်လို့ရခြင်းကသာ Generation ဖြစ်လာခြင်းဖြစ်သည်။ စက်စွမ်းရည်မြောက်ကိန်းတွေမတူသည့်အတွက် တပ်ဆင်အင်အားတူနေသည့်တိုင် အရင်းအမြစ်ပေါ်လိုက်ပြီး တစ်နှစ်ပတ်လုံး ထုတ်လုပ်နိုင်စွမ်းကလုံးဝမတူညီနိုင်ပါ။ ဥပမာအားဖြင့် ဆိုလာ ၂၄၀ မဂ္ဂါဝပ်တပ်ဆင်အင်အားသည် Generation အနေဖြင့် ၂၄၀ x ၀.၁၅ = ၃၂ မဂ္ဂါဝပ်သာ Firm Power ရရှိနိုင်မည့်သဘောတရားဖြစ်သည်။ ဤနေရာတွင် ပြည်သူများရှင်းလင်းမြင်သာအောင် နေရောင်ခြည်နှင့် ကျောက်မီးသွေးမှ ထုတ်လုပ်ခြင်းတို့ အကျိုးသက်ရောက်မှု ကွာခြားပုံကို တွက်ချက်နှိုင်းယှဉ်ပြလိုသည်။ နေရောင်ခြည်က ၁၅ % x ၃၆၅ ရက် x ၂၄ နာရီ ဖြစ်၍ တစ်နှစ်လျှင် ၁၃၁၄ နာရီပဲသုံးနိုင်မည်။ ကျောက်မီးသွေးက ၇၀ % x ၃၆၅ ရက် x ၂၄ နာရီဖြစ်၍ တစ်နှစ်လျှင် ၆၁၃၂ နာရီသုံးစွဲနိုင်ပါမည်။ သို့ဖြစ်၍ တစ်ရက်လျှင် ဆိုလာက ၃ ဒသမ ၆ နာရီ၊ ကျောက်မီးသွေးက ၁၆ ဒသမ ၈ နာရီသာ သုံးနိုင်မည်ဟု အလွယ်တကူတွက်ချက်ရရှိနိုင်သည်။ လျှပ်စစ်ရရှိချိန်မတူညီသည့်အပေါ်လိုက်၍ စွမ်းအင်အကျိုးသက်ရောက်မှုကလည်း ကွာခြားနေကြောင်း ထင်ရှားပေါ်လွင်လောက်ပြီဟု ယူဆမိသည်။ စက်တွေက စွမ်းရည်မတူသလို ပြည်သူတွေကလည်း ဓာတ်အားသုံးစွဲသည့် ဝန်အား(Load) က အချိန်နှင့်အမျှ ပြောင်းလဲနေသည်။ မြန်မာနိုင်ငံတွင် လေ့လာတွေ့ရှိချက်အရ အနိမ့်ဆုံးအချိန်သုံးစွဲသည့် ဓာတ်အားသည် အမြင့်ဆုံးအချိန်သုံးစွဲသည့် ဓာတ်အား၏ ၇၀ ရာခိုင်နှုန်းခန့်သာရှိသည်ကိုတွေ့ရှိရသည်။ အဆိုပါ ခြားနားချက်ကြောင့်ပင် ဓာတ်အားစနစ်အတွင်း အနိမ့်ဆုံးလိုအပ်ချက်ကို အမြဲမပြတ်မောင်းနှင်ပေးထားရမှာဖြစ်သလို အချိန်အလိုက်အမြင့်ဆုံး လိုအပ်ချက်(Peak Load) ဖြစ်လာလျှင် မောင်းနှင်ပေးရမည့် Based Load ဟုခေါ်သော စက်အမျိုးအစားတွေလည်းရှိဖို့လိုအပ်နေသည်။ ဆက်လက်၍ ၂၀၂၀ ပြည့်နှစ်က ခန့်မှန်းတွက်ချက်ခဲ့မှုများအရ ရေအားဖြင့်ထုတ်လုပ်ပါက ပျမ်းမျှအားဖြင့် တစ်ယူနစ်လျှင် ၇၂ ကျပ် ကုန်ကျမည်ဖြစ်ပြီး Gasဖြင့် ထုတ်လုပ်ပါက တစ်ယူနစ်လျှင် ပျမ်းမျှအားဖြင့် ၁၅၀ ကျပ်မှ ၁၉၀ ကျပ်ခန့်၊ ဆိုလာဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ပါက တစ်ယူနစ်လျှင် ၁၉၅ ကျပ်ခန့်ထိ ထုတ်လုပ်မှုစရိတ်ကုန်ကျနိုင်ကြောင်း အင်္ဂလိပ်ဘာသာဖြင့်ထုတ်ဝေသော "Energy in Myanmar" ဆောင်းပါးစာတမ်းတွင် ခန့်မှန်းတွက်ချက်ဖော်ပြပါရှိခဲ့ပြီး ယခုအခါ ထိုစဉ်ကထက်ပင်ဈေးနှုန်းများစွာ မြင့်တက်လာနေပြီလည်းဖြစ်သည်။ ယခုအခါ ငွေလဲလှယ်နှုန်းကြီးမြင့်လာသဖြင့်ယခုဆောင်းပါးရေးနေချိန် ငွေလဲလှယ်နှုန်းထားဖြစ်သည့် အမေရိကန်တစ်ဒေါ်လာလျှင် ၄၆၇၀ ကျပ် နှုန်းဖြင့် ခန့်မှန်းတွက်ချက်ကြည့်မည်ဆိုပါက LNG ဖြင့်ထုတ်လုပ်မှုဈေးနှုန်းမှာက တစ်ယူနစ်အတွက် ၂၂ ဆင့်ဖြစ်ရာ ၁၀၂၇ ဒသမ ၄ ကျပ် ကုန်ကျမည်ဖြစ်ပြီး ရိုးရိုး Gas ဖြင့် ထုတ်လုပ်လျှင်ပင် တစ်ယူနစ် ၁၃ ဒသမ ၄ ဆင့်ဖြစ်ရာ ၆၂၅ ဒသမ ၈ ကျပ်၊ ဆိုလာဖြင့်ထုတ်လျှင် တစ်ယူနစ်အတွက် ၉ ဆင့် ၄၂၀ ဒသမ ၃ ကျပ်၊ ရေအားဖြင့် ထုတ်လျှင် တစ်ယူနစ်အတွက် ၄ ဆင့်ဖြစ်ရာ ၁၈၆ ဒသမ ၈ ကျပ်ခန့် အသီးသီးကုန်ကျနိုင်မည်ဖြစ်ကြောင်း တွက်ချက်သိရှိနိုင်ကြမည် ဖြစ်သည်။

မြန်မာနိုင်ငံရှိ ရေး၊ ထားဝယ်၊ မြစ်ကြီးနားစသည့်မြို့များတွင် ကုမ္ပဏီအသီးသီးမှ ဓာတ်အားငွေကျပ် ၅၀၀ မှ ငွေကျပ် ၁၅၀၀ အထိ ကောက်ခံ၍ ဓာတ်အားမပြတ်စေဘဲ မီးပေးနေသကဲ့သို့ အစိုးရမှဆောင်ရွက်ပေးနိုင်ပါသော်လည်း လူတန်းစားအားလုံးသောနိုင်ငံတစ်ဝန်းမှမြန်မာပြည်သူများအတွက်ဓာတ်အားခသက်သာစေမည့် သင့်လျော်သော Generation Mix အတိုင်းသာ ဓာတ်အားထုတ်လုပ်ပေးသွားနိုင်ရန်လွန်စွာအရေးကြီးလှသဖြင့် Generation Mix အရေးပါပုံကို အနည်းငယ်ထပ်မံရှင်းပြလိုသေးသည်။ ၂၄ နာရီကာလအတွက် လျှပ်စစ်သုံးစွဲမှုသည်တစ်ပြေးညီမဟုတ်ဘဲ အတက်အကျများစွာရှိနေခြင်းကြောင့် ဓာတ်အားတည်ငြိမ်မှုရရှိစေရန် ထုတ်လုပ်မှုအားအချိုးကျတည်ဆောက်နေရခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် Minimum Load (ဓာတ်အားသုံးစွဲမှုအနည်းဆုံး) အချိန်မှာ ၀၃:၀၀ နာရီဖြစ်ပြီး ၀၆:၀၀ နာရီမှ ၁၀:၀၀ နာရီအတွင်းနှင့် ၁၆:၀၀ နာရီမှ ၂၀:၀၀ နာရီအတွင်း အချိန်များသည် Peak Load (ဓာတ်အားသုံးစွဲမှု အများဆုံး) အချိန်များဖြစ်သည်ကို တွေ့ရှိရသည်။ ထို့ကြောင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရာတွင် Load ပေါ်မူတည်၍ သုံးမျိုးခွဲခြားနိုင်သည်။ (၁) Base Load Generation၊ (၂) Intermediate Load Generation၊ (၃) Peak Load Generation ဟူ၍ ဖြစ်သည်။ Base Load Generation တွင် ပုံသေနီးပါးထုတ်လုပ်နိုင်သော Run–Off River Type ရေအားလျှပ်စစ်စက်ရုံများ၊ သဘာဝဓာတ်ငွေ့သုံးစက်ရုံများ ကျောက်မီးသွေးစက်ရုံများ၊ ဘူမိအပူသုံးစက်ရုံများနှင့် နျူကလီးယားစက်ရုံများပါဝင်သည်။

Intermediate Load Generation တွင် Dam type ရေအားစက်ရုံများနှင့် သဘာဝဓာတ်ငွေ့သုံးစက်ရုံအငယ်စားများပါဝင်သည်။ Peak Load Generation တွင် လေအားသုံးစက်ရုံ၊ နေရောင်ခြည်သုံးစက်ရုံနှင့် အခြားဈေးကြီးလွန်းသော စွမ်းအင်အသုံးပြုသည့်စက်ရုံများပါဝင်သည်။ System Grid ကို အတိုးအလျှော့လုပ်နိုင်သည့်အပြင် ဓာတ်အားရရှိရန် အကန့်အသတ်များစွာရှိနေ၍ Peak Load အချိန်များတွင်သာဝင်ရောက်ပါဝင် မောင်းနှင်ဖြေရှင်းပြီး ဓာတ်အားစနစ်ကို ထိန်းပေးခြင်းဖြစ်သဖြင့် Peak Load Generation ဟုခေါ်ခြင်းဖြစ်သည်။ ယခုအခါ နိုင်ငံတော်အနေဖြင့် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်သုံးစက်ရုံအများအပြားတည်ဆောက်၍ Load တည်ငြိမ်မှုကိုထိန်းချုပ်နိုင်ရန် ကြိုးစားဆောင်ရွက်လျက်ရှိပြီး တစ်ဖက်တွင်လည်း Base Load Generation ဖြစ်သော ရေအားလျှပ်စစ်စက်ရုံနှင့်သဘာဝဓာတ်ငွေ့သုံး စက်ရုံစီမံကိန်းများစွာကို ကြိုးစားအကောင်အထည်ဖော်တည်ဆောက်ပေးလျက်ရှိရာ ၂၀၃၀ ပြည့်နှစ်အတွက် မျှော်မှန်းရေးဆွဲသော Generation Mix အတွက် Plan နှင့် အနီးစပ်ဆုံးအခြေအနေကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်လာမည်ဆိုပါက ပြည်သူလူထုအနေဖြင့် တည်ငြိမ်၍ပြည့်ဝသော လျှပ်စစ်ဓာတ်အားကို အချိန်ပြည့်ရရှိနိုင်လာတော့မည်ဖြစ်သည်။

**ယခုအခါ နိုင်ငံတော်အနေဖြင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သုံးစက်ရုံအများအပြားတည်ဆောက်၍ Load တည်ငြိမ်မှုကိုထိန်းချုပ်နိုင်ရန် ကြိုးစားဆောင်ရွက်လျက်ရှိပြီး တစ်ဖက်တွင်လည်း Base Load Generation ဖြစ်သော ရေအားလျှပ်စစ်စက်ရုံနှင့် သဘာဝဓာတ်ငွေ့သုံး စက်ရုံစီမံကိန်းများစွာကို ကြိုးစားအကောင်အထည်ဖော် တည်ဆောက်ပေးလျက်ရှိရာ ၂၀၃၀ ပြည့်နှစ်အတွက် မျှော်မှန်းရေးဆွဲသော Generation Mix အတွက် Plan နှင့် အနီးစပ်ဆုံးအခြေအနေကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်လာမည်ဆိုပါက ပြည်သူလူထုအနေဖြင့် တည်ငြိမ်၍ပြည့်ဝသော လျှပ်စစ်ဓာတ်အားကို အချိန်ပြည့်ရရှိနိုင်လာတော့မည်ဖြစ်. . .**

နိဂုံးချုပ်အားဖြင့်တင်ပြလိုသည်မှာ ခေတ်မီ၍ ဖွံ့ဖြိုးတိုးတက်သော မြန်မာနိုင်ငံကြီးကို တည်ဆောက်ရာတွင် လျှပ်စစ်ဓာတ်အားတိုးတက်ရရှိရေးသည် အဓိကအခန်းကဏ္ဍမှ ပါဝင်နေသည်။ ထို့အတူ လျှပ်စစ်စွမ်းအား တိုးချဲ့ရေးဆောင်ရွက်ရာတွင် မြန်မာပြည်သူများအတွက် သင့်လျော်သော ဓာတ်အားခဖြင့် ဓာတ်အားထုတ်လုပ်နိုင်မည့် Generation Mix အား အချိုးညီစွာ တိုးချဲ့တည်ဆောက်သွားနိုင်ရေးသည်လည်း ဓာတ်အားစနစ်ကြီးတစ်ခုလုံးတည်ငြိမ်အောင် ထိန်းသိမ်းမောင်းနှင်ရာတွင် အလွန်အရေးကြီးလှပြီး စီမံကိန်းကြီးများကြိုတင်တည်ဆောက်နေပြီလည်းဖြစ်သဖြင့် မဝေးကွာလှသောအချိန်ကာလတစ်ခုတွင် စွမ်းအားပြည့်ဝစွာ၊ Load တည်ငြိမ်စွာ စဉ်ဆက်မပြတ်လျှပ်စစ်ဓာတ်အား တိုးတက်ထုတ်လုပ်ဖြန့်ဖြူးပေးသွားနိုင်တော့မည်သာဖြစ်ပါကြောင်း စာရေးသူ၏ အမြင်အား ရေးသားတင်ပြလိုက်ရပါသည်။ ။

## ကလေးဝမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါး ၁၆၀၀၅ ဧက စိုက်ပျိုးပြီးစီး



ကလေးဝ အောက်တိုဘာ ၁၀

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ်၌ ၂၀၂၄-၂၀၂၅ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါးသီးနှံ ၁၈၆၃၄ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ်ဇွန်လမှစတင်၍ စိုက်ပျိုးကြရာ အောက်တိုဘာလ ၉ ရက်တွင် ၁၆၀၀၅ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း ကလေးဝမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှသိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးချိန် ကလေးဝမြို့နယ်မှာ မိုးစပါးဧက ၁၈၀၀၀ ကျော်စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့အထိ ဧက ၁၆၀၀၀ ကျော်စိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ မိုးစပါးသတ်မှတ်လျာထားချက်ပြည့်မီအောင် လိုအပ်တဲ့နည်းပညာ၊ မျိုးတွေဆောင်ရွက်ပေးမယ်။ တောင်သူတွေအနေနဲ့ မိုးစပါးတွေအချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးနေတယ်"ဟု ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးဦးမျိုးနိုင်ကပြောသည်။

ကလေးဝမြို့နယ်တွင် မိုးစပါးစိုက်တောင်သူများအား စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေးအသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိရေး၊ ရိတ်သိမ်းပြီးစပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိရေး ဆောင်ရွက်လျက်ရှိသည်။

ယခုနှစ်တွင် ကလေးဝမြို့နယ်၌ စိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်စေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးခြင်း၊ ပိုးမွှားကျရောက်မှုကင်းထောက်ခြင်း၊ တမန်းနှိုးပေါင်းထိုးခြင်း၊ မျိုးကွဲနုတ်ပယ်ခြင်း၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲခြင်း စသည့်စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးခြင်းတို့ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။

(၄၀၉)

## ပခုက္ကူမြို့၌ သီတင်းကျွတ်မီးပုံးနှင့် ကလေးကစားစရာအရုပ်များရောင်းအားကောင်း

ပခုက္ကူ အောက်တိုဘာ ၁၀

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့၌ သီတင်းကျွတ်မီးပုံးနှင့်ကလေးကစားစရာအရုပ်များ ယခုအခါ ရောင်းအားကောင်းလျက်ရှိကြောင်း သိရသည်။

သီတင်းကျွတ်မီးပုံးနှင့်ကလေးကစားစရာအရုပ်များတွင် မီးပုံး၊ မီးဆိုင်းများ၊ ယုန်ရုပ်၊ ဆင်ရုပ်၊ တိုက်လေယာဉ်ရုပ်၊ သင်္ဘောရုပ်(အကြီး၊အလတ်၊အသေး)တို့ဖြစ်ပြီး အဆိုပါအရုပ်များကို ဈေးနှုန်းအသီးသီးဖြင့်ရောင်းချလျက်ရှိကြောင်း၊ သီတင်းကျွတ်မီးပုံးနှင့် ကလေးကစားစရာအရုပ်များပြုလုပ်ရန်အတွက် ဝါခေါင်လမှစတင်ကာ မှန်ရောင်စက္ကူရွက်နှင့် ဆီစိမ်ကြမ်းစက္ကူရွက်များဝယ်ယူရကြောင်း၊ အရုပ်မျိုးစုံ ၅၀၀ ခန့် ဖန်တီးပြုလုပ်မည်ဆိုပါက ငွေကျပ်ငါးသိန်းနှင့် ခြောက်သိန်းကြားကုန်ကျကြောင်း၊ လက်ရှိတွင် ယုန်ရုပ်၊ လေယာဉ်ရုပ်နှင့် မီးပုံး၊ မီးဆိုင်းများ ရောင်းအားကောင်းလျက်ရှိကြောင်း၊ အရုပ်များကို တော်သလင်းလပြည့်ကျော် ၁ ရက်မှစတင်ပြီးရောင်းချခြင်းဖြစ်ကြောင်း မီးပုံးပြုလုပ်ရောင်းချသူတစ်ဦးက ပြောသည်။

အဆိုပါအရုပ်များကို ပခုက္ကူမြို့ အမှတ်(၁၊ ၁၀၊၁၃)ရပ်ကွက်တို့မှ မြန်မာ့ရိုးရာလက်မှုပညာ လုပ်ငန်းလုပ်ကိုင်သူများက လွတ်လပ်ရေးပန်းခြံအရှေ့ဘက် မြို့မဈေးကြီးအဝင် ထင်းတန်းလမ်း တစ်လျှောက်နှင့် သီဟိုဠ်ရှင်ဘုရားကြီးလမ်းတို့၌ အဓိကရောင်းချကြကြောင်း သိရသည်။

ဘာမီသာ(ပခုက္ကူ)

# (၁၈)ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များအစည်းအဝေး 18th ASEAN Navy Chief's Meeting (18th ANCM) သို့တက်ရောက်ရန် အာဆီယံနိုင်ငံများမှ ရေတပ်ဦးစီးချုပ်များနှင့် ကိုယ်စားလှယ်အဖွဲ့များရောက်ရှိ






(၁၈)ကြိမ်မြောက်အာဆီယံရေတပ်ဦးစီးချုပ်များအစည်းအဝေး 18th ASEAN Navy Chief's Meeting (18th ANCM) သို့တက်ရောက်ရန်ရောက်ရှိလာသည့်အာဆီယံနိုင်ငံများမှရေတပ်ဦးစီးချုပ်များနှင့်ကိုယ်စားလှယ်အဖွဲ့များအား စစ်ဦးစီးအရာရှိချုပ် (ရေ) ဗိုလ်ချုပ်အေးမင်းထွေးနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။

**နေပြည်တော် အောက်တိုဘာ ၁၀**

လန်ဒန်မြို့ရှိ ကင်းကောလိပ်မှအင်ဂျင်နီယာများက လျှပ်စစ်ဓာတ်အားမလိုဘဲ အသုံးပြုနိုင်တဲ့စက်ရုပ်တစ်မျိုးကို ဖန်တီးတီထွင်လိုက်ပါတယ်။ ဒီလိုဖန်တီးနိုင်ခြင်းအားဖြင့် အဆင့်မြင့်လုပ်ဆောင်ချက်များအတွက် စက်ရုပ်ရဲ့စနစ်မှာနေရာကျယ်ကို ပိုမိုရရှိစေပါတယ်။

အင်ဂျင်နီယာများက လူ့ခန္ဓာကိုယ်ရဲ့ အလုပ်လုပ်ပုံကိုနည်းနာယူပြီး စက်ရုပ်ရဲ့ လှုပ်ရှားမှုများအတွက် လျှပ်စစ်စွမ်းအင်အစား အရည်ရဲ့ဖိအားပြောင်းလဲမှုများမှတစ်ဆင့် ဆက်သွယ်မှုလုပ်ဆောင်နိုင်တဲ့ ဆားကစ်ပြားသေးသေးလေးတွေကို ဖန်တီးပြီး စက်ရုပ်မှာထည့်သွင်းလိုက်တာပါ။



အခုလိုမျိုးဖန်တီးနိုင်ခြင်းက ကမ္ဘာပေါ်မှာပထမဆုံးဖြစ်ပြီး မျိုးဆက်သစ်စက်ရုပ်တွေထွက်ပေါ်လာစေဖို့အတွက် အခွင့်အလမ်းအသစ်တွေကိုလည်း ဖန်တီးပေးရာရောက်ပါတယ်။ **Ref: IE**

**K.H**

# အိန္ဒိယအစိုးရက နျူကလီးယားစွမ်းအင်သုံး မျိုးဆက်သစ်တိုက်ခိုက်ရေးရေငုပ်သင်္ဘောနှစ်စင်း တည်ဆောက်ရန်ခွင့်ပြု

နယူးဒေလီ၊ စစ်ရေး

အိန္ဒိယအစိုးရက တပ်မတော်အတွက် နျူကလီးယားစွမ်းအင်သုံး မျိုးဆက်သစ်တိုက်ခိုက်ရေးရေငုပ်သင်္ဘောနှစ်စင်းကို တည်ဆောက်ရန် အောက်တိုဘာလ ၁၀ ရက်တွင်ခွင့်ပြုလိုက်ပြီဖြစ်သည်။

အိန္ဒိယနိုင်ငံအနေဖြင့် ဒေသတွင်းလုံခြုံရေးနှင့် ပြည်တွင်းကာကွယ်ရေးစက်မှုလုပ်ငန်းကိုမြှင့်တင်ရေးရည်ရွယ်ချက်ဖြင့် လုပ်ဆောင်မှုတစ်ခုအဖြစ်ရူပီးဘီလီယံ ၄၅၀ တန်ဖိုးရှိ နျူကလီးယားစွမ်းအင်သုံးရေငုပ်သင်္ဘောနှစ်စင်းကိုတည်ဆောက်ခြင်းဖြစ်သည်။

အဆိုပါရေငုပ်သင်္ဘောအသစ်များကို နိုင်ငံတောင်ပိုင်းရှိ ဆိပ်ကမ်းမြို့တစ်ခုဖြစ်သော ဝိသာခါပတ္တနမ်သင်္ဘောကျင်းတွင် တည်ဆောက်သွားမည်ဖြစ်သည်။

ထိုရေငုပ်သင်္ဘောအသစ်များက လက်ရှိတည်ဆောက်လျက်ရှိသည့် နျူကလီးယားလက်နက်များကိုပစ်ခတ်နိုင်သော နျူကလီးယားစွမ်းအင်သုံးရေငုပ်သင်္ဘောများနှင့် ကွဲပြားခြားနားမည်ဖြစ်ကြောင်း ထိုကိစ္စနှင့်ပတ်သက်၍ရင်းနှီးသူများကပြောသည်။

နျူကလီးယားစွမ်းအင်အသုံးပြုရေငုပ်သင်္ဘောများသည် သွားလာရာတွင်မြန်ဆန်ခြင်း၊ အသံလုံခြင်း၊ ရေအောက်တွင်ကာလရှည်ကြာနေနိုင်ခြင်းနှင့် ထောက်လှမ်းရန်ခက်ခဲခြင်းတို့ကြောင့် ကမ္ဘာ့အင်အားကြီးနိုင်ငံများက ပိုမိုအသုံးပြုလာသည့်ရေတပ်စစ်လက်နက်ပစ္စည်းတစ်မျိုးဖြစ်သည်။

လက်ရှိတွင် ကမ္ဘာပေါ်၌နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောများကိုပိုင်ဆိုင်ထားသည့် နိုင်ငံစုစုပေါင်းခြောက်နိုင်ငံသာရှိပြီး ထိုနိုင်ငံများတွင် အိန္ဒိယနိုင်ငံကလည်း တစ်နိုင်ငံအဖြစ်ပါဝင်ကြောင်းသိရသည်။

Ref: TST



# မလေးရှားမှ အသက် ၁၉ လသမီးက လူကြီးများတွင်သာဖြစ်တတ်သည့် သားအိမ်ကင်ဆာရောဂါ ရှားရှားပါးပါးခံစားနေရ

ကွာလာလမ်ပူ၊ ကျန်းမာရေး

မလေးရှားနိုင်ငံမှ အသက် ၁၉ လသာရှိသေးသည့် မိန်းကလေးငယ်တစ်ဦးသည် သက်ကြီးပိုင်းအမျိုးသမီးများတွင်သာဖြစ်တတ်သည့် သားအိမ်ကင်ဆာရောဂါကိုရှားရှားပါးပါးခံစားနေရကြောင်း သတင်းဌာနများကထုတ်ပြန်ထားသည်။

ကလေးငယ်၏မိခင်သည် ၎င်း၏သမီးအနေဖြင့် ဝမ်းချုပ်ခြင်း၊ ဝမ်းဗိုက်ဖူးရောင်ခြင်းဝေဒနာများကိုခံစားရကာ လှုပ်ရှားမှုနည်းပါးပြီး အမြဲတမ်းလိုလိုချီခိုင်းနေသည့်အတွက် ဆေးရုံသို့သွားရောက်ပြသရာမှ ယခုကဲ့သို့ ရောဂါခံစားနေရသည်ကိုသိရှိရခြင်းဖြစ်သည်။

ဆေးရုံမှအထူးကုဆရာဝန်များက ထိုကလေးငယ်ထံတွင်၁၃ ဒသမ ၅ စင်တီမီတာအရှည်ရှိ အကျိတ်ကိုတွေ့ရှိရာ ခွဲစိတ်မှုလုပ်ဆောင်ပြီးနောက် ကလေးငယ်မှာ အဆင့် ၃ သားအိမ်ကင်ဆာရောဂါခံစားနေရသည်ဟု အတည်ပြုလိုက်နိုင်ခြင်းဖြစ်သည်။

ယခုအခါ အဆိုပါကလေးငယ်ကိုဓာတုကုထုံးဖြင့်ကုသမှုပေးရန်စီစဉ်လျက်ရှိပြီး ၎င်း၏မိဘများကမူ ဆေးရုံကုန်ကျစရိတ်နှင့်ပတ်သက်၍ စိုးရိမ်နေရကြောင်းသိရသည်။

Ref: TST



# ဟာရီကိန်းမေတန်ကြောင့် လေဆင်နှာမောင်းများဖြစ်ပြီး အိမ်များစွာပျက်စီး

တယ်လာဟက်ဆီ၊ ရာသီဥတု

အားပြင်းသည့် ဟာရီကိန်းမုန်တိုင်းတစ်လုံးဖြစ်သော မေတန်သည် အောက်တိုဘာလ ၁၀ ရက်နံနက်အစောပိုင်းတွင် ဖလော်ရီဒါပြည်နယ်တစ်ဝန်းကို ဝင်ရောက်တိုက်ခတ်ပြီးနောက် မုန်တိုင်း၏အရှိန်ကြောင့် လေဆင်နှာမောင်းများလည်းဖြစ်ပွားကာ အိမ်များစွာပျက်စီးကြောင်းသိရသည်။

ထိုမုန်တိုင်းသည် အဆင့် ၃ ဟာရီကိန်းမုန်တိုင်းအဖြစ်နှင့် လေတိုက်နှုန်း တစ်နာရီလျှင် ၂၀၅ ကီလိုမီတာနှုန်းဖြင့် ဖလော်ရီဒါပြည်နယ်အနောက်ပိုင်း ကမ်းရိုးတန်းမှ တစ်ဆင့်ကုန်းတွင်းပိုင်းသို့ဝင်ရောက်လာခြင်းဖြစ်သည်။

ထိုမုန်တိုင်းကြောင့် ပြည်နယ်တစ်ဝန်း၌လေဆင်နှာမောင်း ၁၉ လုံးအထိဖြစ်ပွားရာ အိမ်ခြေ ၁၂၅ လုံးပျက်စီးပြီး အများစုက ရွေ့လျားနေအိမ်များဖြစ်ကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူးကပြောသည်။

ထိုသို့ လေဆင်နှာမောင်းများတိုက်ခတ်မှုကြောင့် ပြည်နယ်အရှေ့ဘက်ကမ်းရိုးတန်းရှိ အငြိမ်းစားရပ်ကွက်တစ်ခုမှ လူနှစ်ဦးသေဆုံးကြောင်း ကနဦးသတင်းရရှိထားသည်။ ထို့ပြင် နေအိမ်နှင့်လုပ်ငန်းစုစုပေါင်း သုံးသန်းကျော်မှာ လျှပ်စစ်မီးပြတ်တောက်မှုနှင့်ရင်ဆိုင်နေရသည်။

Ref: TST

## သတင်းတိုကဏ္ဍ

# နျူကလီးယားလက်နက်ပိုင် ငါးနိုင်ငံ နယူးယောက်မြို့၌ မကြာမီ တွေ့ဆုံဆွေးနွေးမည်

နျူကလီးယားလက်နက်များ ပိုင်ဆိုင်ထားသော နိုင်ငံငါးနိုင်ငံမှတာဝန်ရှိသူများအနေဖြင့် လာမည့်သီတင်းပတ်နှစ်ပတ်အတွင်း နယူးယောက်မြို့၌တွေ့ဆုံဆွေးနွေးသွားမည်ဖြစ်ကြောင်း ရုရှားဒုတိယနိုင်ငံခြားရေးဝန်ကြီး ဆာဂျီယပ်ကော့က အောက်တိုဘာလ ၁၀ ရက်တွင်ပြောသည်ဟု ရုရှားနိုင်ငံပိုင်သတင်းဌာနတစ်ခုက ဖော်ပြထားသည်။

အဆိုပါငါးနိုင်ငံတွင် ရုရှား၊ အမေရိကန်၊ တရုတ်၊ ပြင်သစ်နှင့်ဗြိတိန်နိုင်ငံတို့ပါဝင်ပြီး ထိုနိုင်ငံများသည် နျူကလီးယားလက်နက်များကို ပိုင်ဆိုင်ထားသည့် သာမက ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ အမြဲတမ်းအဖွဲ့ဝင်များလည်းဖြစ်သည်။

လက်ရှိတွင် ကမ္ဘာ့အင်အားကြီးနိုင်ငံများကြား နျူကလီးယားလက်နက်ဖြင့်ခြိမ်းခြောက်မှုများ မြင့်တက်လာနေစဉ် ယခုလို တွေ့ဆုံဆွေးနွေးမှုလုပ်ခြင်းသည် ထူးခြားသော အခြေအနေတစ်ရပ်ဖြစ်လာဖွယ်ရှိသည်။ အဆိုပါငါးနိုင်ငံသည် ၂၀၂၂ ခုနှစ် ဇန်နဝါရီလကတည်းက ထိုသို့ ဆွေးနွေးမှုလုပ်ဆောင်ရန် ရည်ရွယ်ထားခြင်းဖြစ်ကြောင်းသိရသည်။ Ref: RTA

# အမေရိကန်နှင့်အစ္စရေးတို့၏ခေါင်းမာမှုကြောင့် ဂါဇာစစ်ပွဲရှည်လျားနေခြင်းဖြစ်

အမေရိကန်နှင့်အစ္စရေးတို့၏ ခေါင်းမာမှုများကြောင့် ဂါဇာစစ်ပွဲရှည်လျားနေရခြင်းဖြစ်ကြောင်း ကုလသမဂ္ဂဆိုင်ရာရုရှားအမြဲတမ်းကိုယ်စားလှယ်က ပြောသည်။ ထို့ပြင် ဂါဇာဒေသရှိပြည်သူအများအပြားသည် ဒုတိယကမ္ဘာစစ်နောက်ပိုင်းမမြင်တွေ့ဖူးသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာကပ်ဘေးဆိုက်မှုနှင့်ရင်ဆိုင်နေရကြောင်း ၎င်းကဆက်ပြောသည်။

အစ္စရေး၏မြေပြင်ထိုးစစ်ဆင်တိုက်ခိုက်မှုများကြောင့် လူပေါင်း ၄၂၀၀၀ ခန့်သေဆုံးကြောင်း၊ အများစုမှာကလေးငယ်များနှင့်အမျိုးသမီးများဖြစ်ကြောင်း၊ တိုက်ပွဲများကြားပျောက်ဆုံးနေသူမှာ တစ်သိန်းနီးပါးရှိလာပြီဖြစ်ကြောင်းနှင့် လူနှစ်သန်းမှာ စစ်ဘေးရှောင်နေရကြောင်း ရုရှားကိုယ်စားလှယ်က ပြောသည်။

ထို့ပြင် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဂါဇာအရေးကိုကြားဝင်ဆောင်ရွက်ပေးရန်ပြင်ဆင်သော်လည်း အမေရိကန်နှင့်အစ္စရေးတို့က ကဖျက်ယဖျက်လုပ်လျက်ရှိကြောင်း ၎င်းကဆက်ပြောသည်။

ဂါဇာတွင်ချက်ချင်းအပစ်အခတ်ရပ်စဲရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ဆုံးဖြတ်ချက်ကို အမေရိကန်က ဗီတိုအာဏာဖြင့်ပယ်ချကြောင်းသိရသည်။ Ref: RT

# တောင်ကိုရီးယားစာရေးဆရာ ဟန်ကန်း စာပေဆိုင်ရာနိုဘယ်ဆုရရှိ

တောင်ကိုရီးယားနိုင်ငံမှ စာရေးဆရာဟန်ကန်းသည် ၂၀၂၄ ခုနှစ်အတွက် စာပေဆိုင်ရာနိုဘယ်ဆုရရှိသွားကြောင်း ဆွီဒင်အကယ်ဒမီက အောက်တိုဘာလ ၁၀ ရက်တွင်ထုတ်ပြန်ထားသည်။

ဟန်ကန်းက စာပေဆိုင်ရာနိုဘယ်ဆုကိုရရှိခြင်းသည် တောင်ကိုရီးယားနိုင်ငံအတွက်ပထမဆုံးဖြစ်သည်။ ဟန်ကန်း၏အရေးအသားသည် ကဗျာဆန်ဆန်ရေးသားထားသည့်စကားပြေဖြစ်ပြီး သမိုင်းဝင်စိတ်ဒဏ်ရာများကို ကြံ့ကြံ့ခံရင်ဆိုင် ကာပွဲကြွေလွယ်သော လူသားတို့၏ဘဝအကြောင်းတင်ဆက်ထားခြင်းဖြစ်သည်။

ဟန်ကန်းအနေဖြင့် ထိခိုက်လွယ်သူများ၊ အထူးသဖြင့် အမျိုးသမီးများ၏ဘဝများအတွက် စာနာနားလည်မှုကိုမျှဝေထားခြင်းဖြစ်ကြောင်း စာပေနိုဘယ်ဆုရွေးချယ်ရေးအဖွဲ့ဥက္ကဋ္ဌ အန်ဒါအိုဆန်က မှတ်ချက်ပြုပြောထားသည်။

ဟန်ကန်းရေးသားသော သက်သတ်လွတ်စားသူအမည်ရှိစာအုပ်သည် ၂၀၁၆ ခုနှစ်တွင် International Booker ဆုကိုရရှိထားကြောင်းသိရသည်။

Ref: Xinhua

# အစ္စရေးစစ်ဘက်က ဆီးရီးယားတွင်ဗုံးကြဲတိုက်ခိုက်

အစ္စရေးစစ်ဘက်သည် ဟစ်ဇဘိုလာအဖွဲ့ဝင်တစ်ဦးကို ပစ်မှတ်ထားသည်ဟုဆိုသောအကြောင်းပြချက်ဖြင့် ဆီးရီးယားနိုင်ငံတွင် ဗုံးကြဲတိုက်ခိုက်မှုလုပ်ဆောင်ကြောင်းသိရသည်။

အဆိုပါတိုက်ခိုက်မှုကို အောက်တိုဘာလ ၉ ရက်တွင် လုပ်ဆောင်ခြင်းဖြစ်ပြီး ယင်းနေ့နှောင်းပိုင်းတွင်လည်း အီရန်က ပိုင်ဆိုင်သောစက်ရုံတစ်လုံးကို အစ္စရေးက တိုက်ခိုက်မှုလုပ်သည်။

ယင်းတိုက်ခိုက်မှုအတွင်း ဂိုလန်ကုန်းမြင့်အကြမ်းဖက်ကွန်ရက်မှ အကြမ်းဖက်သမားတစ်ဦးဖြစ်သည့် ဟစ်ဇဘိုလာတပ်ဖွဲ့ဝင် အာဒမ်ဂျာဟောက်ကိုချေမှုန်းလိုက်နိုင်သည်ဟု အစ္စရေးစစ်ဘက်၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ထို့အတူ အစ္စရေးသည် အောက်တိုဘာလ ၈ ရက်တွင်လည်း ဒမတ်စကပ်မြို့ကို တိုက်ခိုက်မှုပြုလုပ်ရာ ဟစ်ဇဘိုလာ ထိပ်တန်းခေါင်းဆောင်တစ်ဦး သေဆုံးသွားသည်ဟု ထုတ်ပြန်ချက်တွင်ဖော်ပြထားကြောင်းသိရသည်။ Ref: Sputnik

# မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၁၀

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါမြို့ရှိဇေယျမင်္ဂလာကျောင်းတိုက်အတွင်း၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၃၈ ပါးတို့အား ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ဇေယျမင်္ဂလာကျောင်းတိုက်ဆရာတော် အမှူးပြုသော သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်လှည့်ဆေးကုသရေးအဖွဲ့က သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို တာဝန်ရှိသူတစ်ဦးက ကြည့်ရှုဖူးမြော်စဉ်။

# ပုသိမ်လေဆိပ် ပြင်ဆင်ဆောင်ရွက်နေမှု ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း ကြည့်ရှုစစ်ဆေး



ပုသိမ် အောက်တိုဘာ ၁၀

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ပုသိမ်လေဆိပ်ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးသည် လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစဉ် ယာယီဆိုက်ရောက်/ထွက်ခွာ အဆောက်အအုံ၌ အသုံးပြုမည့် ဆိုင်းဘုတ် (Signage) ချိတ်ဆွဲရာတွင် သတ်မှတ်ပြဋ္ဌာန်းထားသော သင်္ကေတများနှင့် ကိုက်ညီစွာဆောင်ရွက်ရေး၊ လုံခြုံရေးပိုင်းဆိုင်ရာ မဖြစ်မနေတပ်ဆင်အသုံးပြုရမည့်စက်ပစ္စည်းများ အချိန်မီတပ်ဆင်ရေး၊ လေယာဉ်အသက်ကယ်ကူ မီးသတ်ဌာနရှိ မီးသတ်ယာဉ်အား စွမ်းအားပြည့် အသုံးပြုနိုင်စေရန် ဆောင်ရွက်ထားရှိရေး၊ ခရီးသည်များ ကားပါကင်မှ လေဆိပ်အဆောက်အအုံသို့ အဆင်ပြေစွာသွားလာနိုင်ရေး၊ လေကြောင်းထိန်း မျှော်စင်ပေါ်ရှိ ဆက်သွယ်ရေးစက်များ၊ လေယာဉ်ပြေးလမ်းမီး Control စက်ခလုတ်ခုံများ အချိန်ပြည့် ကောင်းမွန်နေစေရေး၊ Control Tower ပေါ်မှ ပြေးလမ်းထိပ်နှစ်ဖက်သို့ မြင်ကွင်းရှင်းနေစေရေးနှင့် ပြန်လည်ပြင်ဆင်သည့် လုပ်ငန်းများအားလုံး သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ချိန်အတွင်း ပြီးစီးစေရေး ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မိတ္ထီလာမြို့နယ် မိသားစုဝင်ငွေတိုး အသက်မွေးဝမ်းကျောင်း သင်တန်းဆင်းပွဲကျင်းပ



နေပြည်တော် အောက်တိုဘာ ၁၀

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ကန်သာအေးကျေးရွာသို့ ရောက်ရှိပြီး မြစိမ်းရောင်နွားမွေးမြူရေးလုပ်ငန်းဆောင်ရွက်နေသော အစုအဖွဲ့များနှင့်တွေ့ဆုံ၍ မျိုးစပ်မှု၊ အစာကျွေးမွေးမှုစနစ်တကျရှိရေး၊ ဈေးကွက်ရရှိရေး၊ ဆီထွက်သီးနှံနှင့်စက်မှုသီးနှံဝါစိုက်ပျိုးရေးတို့တွင် သမဝါယမစနစ်ဖြင့် လက်တွဲကူညီပံ့ပိုးဆောင်ရွက်ပေးရေးကိစ္စရပ်များကို ဆွေးနွေးမှာကြားကာ အစုအဖွဲ့များ၏နွားမွေးမြူထားမှုအခြေအနေကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မိတ္ထီလာမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့်ကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းဖြင့် ဖွင့်လှစ်ပေးခဲ့သော စက်ချုပ်နည်းပညာသင်တန်း၊ လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဆင်းပွဲနှင့်လုပ်ငန်းသုံးပစ္စည်းများပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး ထူးချွန်သင်တန်းသား၊ သင်တန်းသူများကို လုပ်ငန်းသုံးပစ္စည်းများ၊ ထူးချွန်ဂုဏ်ပြုဆုများ၊ သင်တန်းဆင်းလက်မှတ်များပေးအပ်ကာ သင်တန်းဆင်းများ၏လက်ရာများကို ကြည့်ရှုအားပေးသည်။

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် နို့စားနွားမွေးမြူရေးစီမံကိန်းကို မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မိတ္ထီလာ၊ မလှိုင်၊ ဝမ်းတွင်းနှင့် သာစည်မြို့နယ်တို့ရှိ ကျေးရွာ ၁၅ ရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေမှ ငွေကျပ်သန်း ၃၀၀၊ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်းရန်ပုံငွေမှ ငွေကျပ်သန်း ၁၅၀ နှင့် သက်မွေးအစုအဖွဲ့များမှ ထည့်ဝင်ငွေကျပ်သန်း ၁၅၀ စုစုပေါင်းငွေကျပ်သန်း ၆၀၀ ဖြင့် မျိုးနွား ၂၃၆ ကောင်ကို ၂၀၂၄ ခုနှစ်စက်တင်ဘာလမှစတင်၍ မွေးမြူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းနောက် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းကိုလည်းကောင်း၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသော ပျော်ကုန်း-အုတ်ဖိုကျေးရွာချင်းဆက်လမ်းကတ္တရာခင်းခြင်းလုပ်ငန်းကိုလည်းကောင်း၊ စက်ပစ်တောင် နို့စားနွားမွေးမြူရေးသမဝါယမအသင်း၏လုပ်ငန်းဆောင်ရွက်နေမှုများကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# နိုင်ငံတကာခြေစမ်းပွဲစဉ်တွင် မြန်မာ့လက်ရွေးစင်အသင်းက သီရိလင်္ကာအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိ

ရန်ကုန် အောက်တိုဘာ ၁၀

နိုင်ငံတကာခြေစမ်းပွဲစဉ်အဖြစ် ယနေ့ညနေ ၄ နာရီတွင် ရန်ကုန်မြို့သုဝဏ္ဏအားကစားကွင်း၌ မြန်မာ့လက်ရွေးစင်အသင်းနှင့် သီရိလင်္ကာအသင်းတို့ကစားခဲ့ရာ မြန်မာ့လက်ရွေးစင်အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့ကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင်အသင်းက ဟိန်းဖြိုးဝင်း၊ သက်ဟိန်းစိုး၊ စိုးမိုးကျော်၊ နန္ဒကျော်၊ ကျော်မင်းဦး၊ လွင်မိုးအောင်၊ သန်းပိုင်၊ မောင်မောင်လွင်၊ ပြည့်ဖြိုးသူ၊ ဟိန်းထက်အောင်၊ ဇော်ဝင်းသိန်း အစရှိသည့်ကစားသမားအစုံအလင်ဖြင့် ပွဲထွက်လာခဲ့သည်။



အဆိုပါပွဲစဉ်တွင် မြန်မာ့လက်ရွေးစင်အသင်းက ပွဲစကတည်းက ဖိအားပေးကစားနိုင်ခဲ့ပြီး ပွဲချိန် ၁၆ မိနစ်တွင် လွင်မိုးအောင်က မြန်မာ့လက်ရွေးစင်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူပေးနိုင်ခဲ့သည့်အတွက် ပထမပိုင်းပြီးဆုံးချိန်တွင် မြန်မာ့လက်ရွေးစင်အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင်လည်း အိမ်ရှင်မြန်မာ့လက်ရွေးစင်အသင်းကပင် အကောင်းဆုံးကစားနိုင်ခဲ့ကာ သီရိလင်္ကာအသင်းခက်ခက်ခဲခဲ ထိန်းချုပ်ကစားခဲ့ရပြီး မောင်မောင်လွင်က မြန်မာ့လက်ရွေးစင်အသင်းအတွက် ဦးဆောင်ဂိုးထပ်မံသွင်းယူနိုင်ခဲ့ကာ လက်ကျန်ပွဲချိန်များတွင် နှစ်သင်းစလုံးဂိုးသွင်းယူနိုင်ခြင်းမရှိသည့်အတွက် ပွဲပြီးဆုံးချိန်တွင် မြန်မာ့လက်ရွေးစင်အသင်းက သီရိလင်္ကာအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့ကြောင်း သိရသည်။ **စည်သူအောင်**

# မင်းလှမြို့နယ် သဖန်းချောင်းကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုစစ်ဆေး

**မင်းလှ အောက်တိုဘာ ၁၀**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ယခုဘဏ္ဍာနှစ်တွင် သဖန်းချောင်းကျေးရွာ၌ ခေတ်မီစံပြကျေးရွာထူထောင်ရေးလုပ်ငန်း စီမံကိန်း(Smart Village) ရန်ပုံငွေနှင့်ပြည်သူထည့်ဝင်ငွေတို့ဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို အောက်တိုဘာလ ၁၀ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သင်းသင်းအေးနှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ သဖန်းချောင်းကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီးနောက် မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းပြည့်မီစွာ အချိန်မီပြီးစီးရေးဆောင်ရွက်ကြရန်မှာကြားသည်။

အဆိုပါသဖန်းချောင်းကျေးရွာ၌ အလျား ပေ ၆၀၊ အနံ ၃၄ ပေ၊ အမြင့် ၁၂ ပေရှိသော ဘက်စုံသုံးခန်းမ တည်ဆောက်ခြင်းလုပ်ငန်းနှင့် တစ်နာရီ ရေသန့်ဂါလန် ၂၀၀ ကျော်ထွက်ရှိသည့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းကို ခေတ်မီစံပြကျေးရွာထူထောင်ရေးလုပ်ငန်းစီမံကိန်း (Smart Village) ပံ့ပိုးငွေ ငွေကျပ် ၃၈ ဒသမ ၅ သန်း၊ ပြည်သူထည့်ဝင်ငွေ ငွေကျပ် ၁၄ ဒသမ ၄ သန်း စုစုပေါင်းငွေကျပ် ၅၂ ဒသမ ၉ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာနေပြည်သူများကိုယ်တိုင် စက်တင်ဘာလ ၂၃ ရက်မှစ၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၇၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက သဖန်းချောင်းကျေးရွာရှိ အိမ်ခြေ ၈၇ အိမ်မှ ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် ဘာသာရေးကိစ္စရပ်များအတွက် အသုံးပြုနိုင်မည်ဖြစ်ပြီး သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကိုညို(ကျေးလက်)**

# ဆီထွက်သီးနှံ(နေကြာ)အထွက်နှုန်းတိုးတက်စေရေး ပညာပေးရက်တိုသင်တန်းဖွင့်လှစ်



**တောင်ငူ အောက်တိုဘာ ၁၀**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် တောင်ငူမြို့၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံ(နေကြာ) အထွက်နှုန်းတိုးတက်စေရေး ပညာပေးရက်တိုသင်တန်းကို အောက်တိုဘာလ ၁၀ ရက်တွင် မြို့နယ်သမဝါယမဦးစီးဌာနရုံး၌ ဖွင့်လှစ်သည်။

ရှေးဦးစွာ သင်တန်းဖွင့်ပွဲအခမ်းအနားတွင် တောင်ငူခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဦးညီညီလွင်စိုးက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ခရိုင်စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးနိုင်မင်းလှိုင်နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစောဇော်ဇော်ဂျိန်းတို့က နေကြာအထွက်တိုးရေးဆွေးနွေးပို့ချကြရာ တက်ရောက်လာကြသော နေကြာစိုက်ပျိုးသည့် တောင်သူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းကြသည်။ ယင်းနောက် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းနိုင်က နိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားကိုရုပ်သိမ်းခဲ့သည်။

အဆိုပါပညာပေးရက်တိုသင်တန်းသို့ တောင်ငူခရိုင်အတွင်းရှိ တောင်ငူမြို့နယ်၊ အုတ်တွင်းမြို့နယ်၊ ဖြူးမြို့နယ်နှင့်ရေတာရှည်မြို့နယ်တို့မှ တောင်သူစုစုပေါင်း ၅၄ ဦးတက်ရောက်ကြကြောင်း၊ တောင်ငူခရိုင်အနေဖြင့် ၂၀၂၄ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံ(နေကြာ) ဧက ၁၀၅၀ စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

**ချမ်းမြေ့**

# မြောင်းမြမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် သီးနှံစုံ ၄၆၈၈ ဧက ရာနှုန်းပြည့်စိုက်ပျိုးပြီးစီး

**မြောင်းမြ အောက်တိုဘာ ၁၀**


ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် သီးနှံစုံ ၄၆၈၈ ဧက ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

မြောင်းမြမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် သီးနှံစုံ ၄၆၈၈ ဧကကို ဇူလိုင်လပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ လက်ရှိတွင် ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါသီးနှံစုံ ၄၆၈၈ ဧကတွင် ဖူးစားပြောင်း ၇၉ ဧက၊ ပဲစင်းငုံ ဧက ၆၀၊ ပရဆေး လေးဧက၊ ကြံ ၂၇၃ ဧက၊ ပီလောပီနံ ၁၂၈၁ ဧက၊ ဟင်းသီးဟင်းရွက်စုံဧက ၂၆၀၀၊ ပိန်းဥ ၂၅၅ ဧက၊ ကန်စွန်း ၁၃၆ ဧကဖြစ်ကြောင်း သိရသည်။

"မြောင်းမြမြို့နယ်မှာ ဒီနှစ်မိုးသီးနှံစိုက်ပျိုးရာသီမှာ မြို့နယ်တစ်မြို့နယ်လုံးအနေနဲ့ သီးနှံစုံ ၄၆၈၈ ဧက လျာထားစိုက်ပျိုးခဲ့ပါတယ်။ သီးနှံတွေအားလုံး အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာနက လိုအပ်တာတွေ ပံ့ပိုးကူညီပေးခဲ့ပါတယ်။ ဒီနှစ် မိုးသီးနှံတွေထဲမှာ ဟင်းသီးဟင်းရွက်ကို အများဆုံး စိုက်ပျိုးထားပါတယ်။ စိုက်ပျိုးထားတဲ့ သီးနှံတွေ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့နဲ့ လျာထားချက်အတိုင်း စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးထားပါတယ်။ နည်းပညာနဲ့ တခြားပံ့ပိုးမှုတွေကိုလည်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းတွေက မြေပြင်အထိကွင်းဆင်းပြီး အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်" ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းကပြောသည်။

မြောင်းမြမြို့နယ်၌ မိုးသီးနှံများ အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ စီမံအုပ်ချုပ်ရေးအဖွဲ့ စသည့်စိုက်ပျိုးရေးနှင့်ဆက်စပ်သည့်အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သုတကျော်**




| မှတ်သားဖွယ်ရာမိုးရေချိန်များ | |
|---|---|
| ဝမ်းတွင်း | (၁.၈၈)လက်မ |
| မချမ်းဘော | (၁.၅၇)လက်မ |
| ကျောက်ဆည် (လွန်ကျော်) | (၁.၄၂)လက်မ |
| လှိုင်လင် | (၁.၁၈)လက်မ |
| ကျိုက္ကမီ | (၁.၁၄)လက်မ |
| မုဒုံ | (၀.၉၈)လက်မ |
| ပေါက်ခေါင်း | (၀.၈၀)လက်မ |
| မြစ်သား | (၀.၇၆)လက်မ |
| မိုင်းယန်း | (၀.၇၅)လက်မ |
| မော်လမြိုင် | (၀.၇၅)လက်မ |

| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၂၂ | ၃၁ |
| ရှမ်း(မြောက်) | ၂၀ | ၃၂ |
| ရှမ်း(အရှေ့) | ၂၀ | ၃၀ |
| ရှမ်း(တောင်) | ၁၇ | ၂၉ |
| ချင်း | ၁၃ | ၂၅ |
| စစ်ကိုင်း(အထက်) | ၂၃ | ၃၁ |
| စစ်ကိုင်း(အောက်) | ၂၅ | ၃၅ |
| နေပြည်တော် | ၂၄ | ၃၅ |
| မန္တလေး | ၂၅ | ၃၅ |
| မကွေး | ၂၃ | ၃၅ |
| ရခိုင် | ၂၄ | ၃၃ |
| ပဲခူး | ၂၂ | ၃၅ |
| ရန်ကုန် | ၂၃ | ၃၀ |
| ဧရာဝတီ | ၂၄ | ၃၅ |
| ကယား | ၂၂ | ၃၄ |
| ကရင် | ၂၄ | ၃၅ |
| မွန် | ၂၄ | ၃၄ |
| တနင်္သာရီ | ၂၃ | ၃၂ |

# သီတင်းကျွတ်အကြိုကာလတွင် မန္တလေးပဲဈေးကွက်အတွင်း ကုလားပဲများအရောင်းအဝယ်သွက်နေ

**မန္တလေး အောက်တိုဘာ ၁၀**

သီတင်းကျွတ်အကြိုကာလတွင်မန္တလေး ပဲဈေးကွက်အတွင်း ကုလားပဲများအရောင်းအဝယ်သွက်နေကြောင်း မန္တလေးမြို့ရှိ ပဲနှမ်းကုန်သည်များ၏ ပြောပြချက်အရ သိရသည်။

ကုလားပဲသည် ပြည်တွင်း၌ စားသုံးမှုအများဆုံးဖြစ်သော ပဲတစ်မျိုးဖြစ်ပြီး ပြည်ပသို့လည်း တင်ပို့နေရသောကြောင့် ပြည်တွင်းပြည်ပဈေးကွက် ကြီးမားကျယ်ပြန့်ကြောင်း၊ ကုလားပဲကို မြန်မာနိုင်ငံအလယ်ပိုင်းနှင့် အထက်ပိုင်းဒေသများဖြစ်သော မန္တလေး၊ မကွေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့၌ နှစ်စဉ်ဆောင်းသီးနှံအဖြစ် စိုက်ပျိုးကြပြီး မတ်လဆန်းပိုင်းတွင် ရိတ်သိမ်းကြကြောင်း သိရသည်။

"ကုလားပဲက ပြည်တွင်းစားသုံးမှုများသလို ပြည်ပကိုလည်း တင်ပို့နေရတာကြောင့် ပြည်တွင်းမှာ အများအပြားစိုက်ပျိုးတဲ့ ပဲအမျိုးအစားတွေထဲမှာ ပါဝင်ပါတယ်။ အခု သီတင်းကျွတ်အကြိုကာလမှာ ကုလားပဲတွေ အရောင်းအဝယ်သွက်ပြီး ဈေးရနေတယ်။ ပြည်တွင်းမှာ အဓိကစိုက်ပျိုးတဲ့ ကုလားပဲအမျိုးအစားတွေကတော့ V2၊ V7၊ မြကြေးမုံ၊ 929 နဲ့ ဗမာကုလားပဲ အမျိုးအစားတွေဖြစ်ပါတယ်"ဟု မန္တလေးမြို့ရှိ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်ကပြောသည်။

ပြည်တွင်းမှ စိုက်ပျိုးထွက်ရှိသော ကုလားပဲများအနက် V2 ကုလားပဲနှင့် V7 ကုလားပဲများကို ပြည်ပသို့ အများဆုံး တင်ပို့ကာ အိန္ဒိယ၊ ပါကစ္စတန်နှင့် ဘင်္ဂလားဒေ့ရှ် စသည့်နိုင်ငံတို့သို့ အဓိကထား တင်ပို့လျက်ရှိကြောင်း သိရသည်။

**ဆောင်းဦး**


ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်
ရန်ကုန်-နေပြည်တော်-တောင်ကြီး-မုံရွာ-မန္တလေး-ပြင်ဦးလွင်-ကျောက်ပန်းတောင်း-ချောက်-ဆိပ်ဖြူ-ပုဂံ(ညောင်ဦး)-ပခုက္ကူ
မကွေး-မိတ္ထီလာ-မြင်းခြံ-ပုသိမ်-မော်လမြိုင်-သံဖြူဇရပ်-ကျိုက္ခမီ-တောင်ငူ-ဆွာ-ရေနီ-ပဲခူး-ညောင်လေးပင်-ဘားအံ-မြဝတီ
ပါရမီ(YBS)
09-459448201
ရွှေမန်းသူ
09-254781060
မန္တလေးအခြေစိုက်
09-426500153
တော်ဝင်
09-423333250
ပါရမီတက္ကစီ
01-3643641
ကုန်စည်
09-440619258
အောင်း လုံခြုံစိတ်ချ စာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု မြို့တွင်း/မြို့ပြင် ဘုရားဖူးခရီးစဉ်များ ငှားရမ်းပေးလျက်ရှိပါသည်။


MYAWADDY TRADING LIMITED
ပို့ကုန်
လယ်ယာထွက်သီးနှံ၊ဆန်စပါး၊သကြား၊ရာဘာ၊
ရေထွက်ပစ္စည်း၊နှင့်အခြားပို့ကုန်အမျိုးမျိုး။
သွင်းကုန်
စားအုန်းဆီ၊လူ့အသုံးအဆောင်၊ရေနံနှင့်
ဓာတုပစ္စည်း၊ကတ္တရာ၊ဓာတ်မြေဩဇာ။
Tel: 95-01-8373255,8373265, 8373267, 8373291
Fax:95-01-8373257
E-mail: myawaddytrading@gmail.com


ထုတ်လုပ်မှုသက်တမ်း (၂၀) နှစ်ကျော်ရှိပြီး မိဘပြည်သူများ ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်ပါသည်။
တစ်သက်တာလုံးကြံ့ခိုင်ဖို့
RHINO
သုံးကြစို့....
RHINO CEMENT
PORTLAND CEMENT, BRITISH STANDARD
OPC-BS-12-1996,42.5N
RHINO
PORTLAND CEMENT
PRODUCT OF MEC
EXPORT QUALITY
PREMIUM QUALITY CEMENT
ပင်ရင်းအရောင်းဌာန- ဖုန်း - ၀၉ ၄၂၈၇၃၀၉၉၂၊ ၀၉ ၄၂၈၇၃၀၉၉၃
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော
သဘာဝအစစ်မို့ အရသာထူး စိတ်ရွှင်ကြည်နူး ....
ရွှေဖီဦး BLACK TEA
(နောင်တရား)ကို
Export Quality အဆင့်မီစွာ
ထုတ်လုပ်ဖြန့်ဖြူး
လျက်ရှိပါသည်။
ရွှေဖီဦး
(ASEAN-OSHNET AWARD) တွင်
BEST Practices Award ရရှိခဲ့သည့် ရွှေဖီဦး၊
Tea Mix
Lemon Tea
Black Tea
SHWE PHE OO
Lemon Tea
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## နေရာကွက်၍မိုးကြိုးနိုင်

၁၁-၁၀-၂၀၂၄

စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် နေရာအနှံ့အပြား၊ နေပြည်တော်၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်၍မိုးကြိုးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

(မိုး/ဇလ)

## အကြမ်းဖက်သမားများထောင်ထားသည့် ဒေသန္တရလက်လုပ်တိုက်မိုင်းကြောင့် သံဃာတော်တစ်ပါး ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် အောက်တိုဘာ ၁၀

ကရင်ပြည်နယ်၊ ဖာပွန်မြို့နယ်၊ ကျွန်းတောကျေးရွာဘုန်းတော်ကြီးကျောင်းတွင်သီတင်းသုံးလျက်ရှိသည့် သံဃာတော်တစ်ပါးသည် အကြမ်းဖက်သမားများ ထောင်ထားသည့် ဒေသန္တရ လက်လုပ်တိုက်မိုင်းကြိုးအား တိုက်မိခဲ့ရာမှ ပေါက်ကွဲမှုဖြစ်ပွားပြီး ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ဖာပွန်မြို့နယ်၊ ကျွန်းတောကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် သီတင်းသုံးလျက်ရှိသည့် ဆရာတော် ဘဒ္ဒန္တတေစန္တိယသည် အောက်တိုဘာလ ၉ ရက် မွန်းတည့် ၁၂ နာရီခန့်တွင် ရေပူကျေးရွာဘုန်းတော်ကြီးကျောင်းသို့သွားရောက်ရာ ရေပူကျေးရွာ၏ အနောက်ဘက် မီတာ ၄၅၀ ခန့်အကွာသို့အရောက် အကြမ်းဖက်သမားများထောင်ထားသည့် ဒေသန္တရလက်လုပ်တိုက်မိုင်းကြိုးအားတိုက်မိ၍ ပေါက်ကွဲမှုဖြစ်ပွားပြီး ထိခိုက်ဒဏ်ရာများရရှိခဲ့သည်။

အဆိုပါ မိုင်းစထိမှန်ဒဏ်ရာရရှိခဲ့သည့် ဆရာတော်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက ကမမောင်းမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှု ခံယူစေလျက်ရှိကြောင်း၊ အကြမ်းဖက်သမားများသည် အများပြည်သူ ဆက်သွယ်အသုံးပြုလျက်ရှိသည့် လမ်းကြောင်းများတွင် ယခုကဲ့သို့ မိုင်းထောင်မှုများကြောင့် ခရီးသွားလာရေးတွင် အခက်အခဲများဖြစ်ပေါ်စေသဖြင့် ယင်းလုပ်ရပ်များကို ဒေသခံပြည်သူများက ပြင်းထန်စွာ ဆန့်ကျင်ကန့်ကွက်လျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)



ဖာပွန်မြို့နယ်၊ ရေပူကျေးရွာအနီး၌ အကြမ်းဖက်သမားများ ထောင်ထားသည့် ဒေသန္တရ လက်လုပ်တိုက်မိုင်း တစ်လုံးအား တိုက်မိပေါက်ကွဲမှုကြောင့် သံဃာတော်တစ်ပါးထိခိုက်ဒဏ်ရာရရှိမှုကို တွေ့ရစဉ်။

ဖာပွန်မြို့နယ်၊ ရေပူကျေးရွာအနီး၌ အကြမ်းဖက်သမားများထောင်ထားသည့် ဒေသန္တရလက်လုပ်တိုက်မိုင်းတစ်လုံးအား တိုက်မိပေါက်ကွဲမှုကြောင့် သံဃာတော်တစ်ပါးထိခိုက်ဒဏ်ရာရရှိခဲ့သည့် နေရာပြပုံ။




## ငါန်းဇွန်မြို့နယ်၊ ညောင်လေးပင်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ယာယီနေရပ်စွန့်ခွာသူ ၁၀၀ ခန့်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သတင်းတု၊ သတင်းမှားများ လှုံ့ဆော်ဝါဒဖြန့်ဝေ




နေပြည်တော် အောက်တိုဘာ ၁၀

မန္တလေးတိုင်းဒေသကြီး၊ ငါန်းဇွန်မြို့နယ် ညောင်လေးပင်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ယာယီနေရပ်စွန့်ခွာသူ ၁၀၀ ခန့်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်လှုံ့ဆော်ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ PDF အမည်ခံ အကြမ်းဖက်သမားများသည် ဒေသခံပြည်သူများအသွင်ဆောင်၍ မြို့ရွာများအတွင်း အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်နေခြင်းကြောင့် တာဝန်ရှိသူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ လှည့်ကင်းပတ်ကင်းများ ဆောင်ရွက်ခြင်း၊ ရှောင်တခင်စစ်ဆေးခြင်းများ ပြုလုပ်လျက်ရှိပြီးယာယီနေရပ်စွန့်ခွာသူများကိုလည်း ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တရားမဝင်ပြည်ဖျက်မီဒီယာများက လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေမည့် သတင်းတု၊သတင်းအမှားများနှင့်အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကို ဖုံးကွယ်ရေးသားထားသည့် လုပ်ကြံသတင်းများကိုသာ ရည်ရွယ်ချက်ရှိရှိ လှုံ့ဆော်ရေးသားဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရှိရသည်။ (၁၀၀)

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် အောက်တိုဘာ ၁၀

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့်ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိပါသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် “@yimyint123” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေ မြို့နယ်၊ စိန်ပန်းရပ်ကွက်နေ ရီမြင့်အား မွန်းလွဲ ၁ နာရီ ၂၀ မိနစ်တွင် မဟာအောင်မြေမြို့နယ်၊ အမှတ်(၇)နယ်မြေ ရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ပါသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော် သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။ (၁၀၀)

# တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များဖမ်းဆီးရမိ

နေပြည်တော် အောက်တိုဘာ ၁၀

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိရာ **အောက်တိုဘာလ ၇ ရက်**တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပုသိမ်ခရိုင် ရွှေသောင်ယံမြို့နယ် မကျီးဇင်ကျေးရွာ၌ တရားမဝင် စက်သုံးဆီပီပါ ၄၀၊ စားသောက်ကုန်ပစ္စည်း (၅)မျိုး၊ လူသုံးကုန်ပစ္စည်း(၂)မျိုး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၇၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေနှင့်အညီအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **အောက်တိုဘာလ ၇ ရက်နှင့် ၈ ရက်**တို့တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ(၂)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၈၄၉၈၃၇၀)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၊ လေဆိပ်(သွင်းကုန်)၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၃)မျိုး၊ လူသုံးကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၇၇၄၉၄၇၁)ကို လည်းကောင်း၊ ရွာသာကြီး Dry Port ၌ သာမညမှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း(၁)မျိုး၊ လုပ်ငန်းသုံးပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၈၈၀၆၄၀) နှင့်အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Dong Feng Tractor Head (၁)စီးနှင့် နောက်တွဲယာဉ် (၁)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၇၁၂၈၄၈၁)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဖမ်းဆီးရမိမှု။



မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

ထို့ပြင် **အောက်တိုဘာလ ၈ ရက်**တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ တရားမဝင်ကျွန်းသစ်(၀ ဒသမ ၈၃၇) တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၆၉၁၂)နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် Toyota Voxy မော်တော်ယာဉ်(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ်၉၀၀၀၀၀၀)ကိုလည်းကောင်း၊ တိုက်ကြီးမြို့နယ်၌ တရားမဝင် အခြားသစ် (၃ ဒသမ ၃၈၇)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၅၆၄၈၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၄၉၃၃၉၂)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မကွေးခရိုင်နှင့်သရက်ခရိုင်အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်(၂)စီး **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ်၆၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **အောက်တိုဘာလ ၉ ရက်**တွင် မန္တလေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပြည်ကြီးတံခွန်မြို့နယ်၊ ၆၂ လမ်း နှင့် ၁၁၃ လမ်းဆုံ၌ မော်တော်ယာဉ် (၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လက်ဝတ်ရတနာပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၉၉၅၂၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck (၁)စီး၊ Toyota Dyna Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀၀၀)ကိုလည်းကောင်း၊ စဉ့်ကိုင်မြို့၊ မြို့အဝင်စစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် မော်တော်ဆိုင်ကယ်အပိုပစ္စည်း(၂၅)မျိုးနှင့် လူသုံးကုန်ပစ္စည်း (၂)မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၅၀၄၁၁၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀) ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၃၄၅၆၁၁၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ အောက်တိုဘာလ ၇ ရက်၊ ၈ ရက်နှင့် ၉ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၂၂)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၆၄၃၇၇၉၈၃)**ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှသိရသည်။ (သတင်းစဉ်)

# မြို့နယ်အချို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် အောက်တိုဘာ ၁၀



မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် အောက်တိုဘာလ ၇ ရက် နံနက် ၉ နာရီခွဲတွင် တနသ်ာရီမြို့ ချောင်းငယ်ရပ်ကွက် ဗိုလ်ချုပ်ကြေးရုပ်လမ်းဆုံတွင် ဝေယံထက်(ခ)နောင်ပြဲ မောင်းနှင်လာသောဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၅၀၀ ကိုလည်းကောင်း၊ ထို့ပြင် အောက်တိုဘာလ ၈ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် ပုသိမ်ကြီးမြို့နယ် တံတိုင်းရှည်ကျေးရွာအုပ်စု မြောက်တံတိုင်းရှည်ကျေးရွာနေ သူရမင်း(ခ)မင်းမင်း၏ နေအိမ်ကို သတင်းအရရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၅၉၅၀ ကိုလည်းကောင်း၊ အလားတူ ညနေ ၅ နာရီတွင် ဒေါပုံမြို့နယ် ဗိုလ်ထွန်းဖဲရပ်ကွက် မေတ္တာလမ်းနေ မကြူကြူလှိုင်(ခ)ဖားကြီး၏ နေအိမ်ကို သတင်းအရရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၃၀၀၊ အိုက်စ် သုည ဒသမ ၀၂ ကီလိုကိုလည်းကောင်း။

ထို့အတူ ပူးပေါင်းအဖွဲ့သည် ညနေ ၅ နာရီခွဲတွင် တာချီလိတ်မြို့နယ် မိုင်းဖုန်း(က) ကျေးရွာအုပ်စု ဝမ်ပုံကျေးရွာအနီးတွင် အိုက်အော့(ခ)စိုင်းအွတ် မောင်းနှင်လာသည့်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ညနေ ၅ နာရီခွဲတွင် တာချီလိတ်မြို့နယ် မိုင်းဖုန်း(က)ကျေးရွာအုပ်စု ဝမ်ပုံကျေးရွာအနီးတွင် ကျဒိန်အား စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀ ပြားနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ (သတင်းစဉ်)

# မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲတွင် သစ္စာအားမာန်အသင်းက ဟံသာဝတီယူနိုက်တက်အသင်းကို ၂ ဂိုး ၁ ဂိုးဖြင့်အနိုင်ရရှိ

ရန်ကုန် အောက်တိုဘာ ၁၀

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၁၈)ပွဲစဉ်များကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့၌ ကျင်းပခဲ့ရာ သစ္စာအားမာန်အသင်းက ဟံသာဝတီယူနိုက်တက်အသင်းကို ၂ ဂိုး ၁ ဂိုးဖြင့်အနိုင်ရရှိခဲ့ပြီး မြဝတီအက်ဖ်စီအသင်း နှင့် Junior Lions အသင်း၊ ရှမ်းယူနိုက်တက်အသင်းနှင့် ISPE အသင်းတို့ သရေရလဒ်များထွက်ပေါ်ခဲ့ကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၁၈)ပွဲစဉ်များအဖြစ် ယနေ့ညနေ ၃ နာရီခွဲတွင် ပဒုမ္မာအားကစားကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် ISPE အသင်းတို့ကစားခဲ့ရာ အပြန်အလှန်ဂိုးသွင်းခွင့်များ ရရှိခဲ့ကြသော်လည်း အဆုံးသတ်ပိုင်းမသေချာမှုများကြောင့် ဂိုးမရှိသရေရလဒ်ထွက်ပေါ်ခဲ့သည်။

အလားတူ ညနေ ၃ နာရီခွဲတွင် စလင်းအားကစားကွင်း၌ မြဝတီအက်ဖ်စီ အသင်းနှင့် Junior Lions အသင်းတို့ကစားခဲ့ရာ တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ပြီး မြဝတီအက်ဖ်စီအသင်းအတွက်သွင်းဂိုးကို ပြည့်စုံအောင်က သွင်းယူနိုင်ခဲ့သော်လည်း Junior Lions အသင်းက ချေပဂိုးပြန်လည်သွင်းယူနိုင်ခဲ့သည့်အတွက် တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့သည်။

ဆက်လက်ပြီး ညနေ ၃ နာရီခွဲတွင် တောင်ဒဂုံအားကစားကွင်း၌ သစ္စာအားမာန်အသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ကစားခဲ့ရာ သစ္စာအားမာန်အသင်းက ၂ ဂိုး ၁ ဂိုးဖြင့်အနိုင်ရရှိခဲ့ကြောင်း သိရသည်။

**စည်သူအောင်**

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၄˚c | / | ၃၄.၂˚c |
| ရန်ကုန် | ၂၃˚c | / | ၃၃.၈˚c |
| မန္တလေး | ၂၅˚c | / | ၃၅.၇˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

## မိုးထစ်ချုန်း ရွာမည်

နေပြည်တော် အောက်တိုဘာ ၁၀

မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်မှာ နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် တိမ်ထူထပ်ပြီး မိုးထစ်ချုန်း၍ နေရာကွက်ကျားမိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ (မိုး/ဇလ)

# ရန်ကုန်တိုင်းဒေသကြီးအတွင်း ဖွင့်လှစ်ထားသော ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာ အသက်မွေးပညာ သင်တန်းကျောင်းများကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ကြည့်ရှုစစ်ဆေး



နေပြည်တော် အောက်တိုဘာ ၁၀

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း ဖွင့်လှစ်ထားသော ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာ အသက်မွေးပညာသင်တန်းကျောင်းများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးသည် ကမာရွတ်မြို့နယ်၌ ဖွင့်လှစ်ထားသော MHTi ဟိုတယ်နှင့်ခရီးသွားလာရေးသင်တန်းကျောင်း (MHTi– M Hospitality & Tourism Institute) သို့လည်းကောင်း၊ ဗဟန်းမြို့နယ်၌ Yangon Global Enterprise က ဖွင့်လှစ်ထားသော YGE Training Center သို့လည်းကောင်း သွားရောက်၍ သင်တန်းကျောင်းအတွင်း သင်တန်းသားများအား စာတွေ့လက်တွေ့ သင်ကြားပို့ချပေးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကာ သင်တန်းကျောင်းများမှထွက်ရှိသော ထုတ်ကုန်များအား ဈေးကွက်ကျယ်ကျယ်ပြန့်ပြန့်ရရှိရေး ကိစ္စရပ်များကို မှာကြားသည်။

ထို့နောက် ဗဟန်းမြို့နယ်ရှိ စင်ကာပူ-မြန်မာ သက်မွေးပညာသင်တန်းကျောင်း (SMVTI)သို့ရောက်ရှိပြီး သင်ကြားပေးလျက်ရှိသော ဘာသာရပ်များ၊ ဟိုတယ်နှင့်ခရီးသွား ဘာသာရပ်ဆိုင်ရာသက်မွေးသင်တန်းများ၊ သင်တန်းသားများအတွက် စာသင်ဆောင်နှင့်စာသင်ခန်းများ စီစဉ်ထားရှိမှု အခြေအနေများကိုမေးမြန်းကာ ဟိုတယ်နှင့်ခရီးသွားဘာသာရပ်ဆိုင်ရာများ သင်ကြားပို့ချရာတွင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

(ဟ၀၀)

# ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ထိန်းသိမ်းထားသောရေလှောင်တမံနှင့် ရေထိန်းတမံများ ကြံ့ခိုင်မှုကောင်းမွန်လျက်ရှိပြီး စိုးရိမ်ရန်မရှိ

နေပြည်တော် အောက်တိုဘာ ၁၀

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင်ထိန်းသိမ်းထားသောရေလှောင်တမံနှင့် ရေထိန်းတမံ စုစုပေါင်း ၁၂ ခုရှိရာ ယနေ့တွင် ပေါင်းလောင်းရေလှောင်တမံ၌ ၃ ဒသမ ၈၅ ပေ ကန်ရေပြည့်အမှတ်အထက်ကျော်လွန်၍ ရေပိုလွှဲမှ ရေကျော်စီးဆင်းနေပြီး ယခင်နေ့နှင့် နှိုင်းယှဉ်ပါက ရေကျော်စီးဆင်းမှုအခြေအနေမှာ သုည ဒသမ ဝ၂ ပေ လျော့နည်းခြင်းဖြစ်သည်။ ရေပိုလွှဲ၏ ကန်ရေပြည့်ရေမှတ်အထက်တွင် HED ရေတံခါး(၄)ချပ်ထောင်ထားသည်။

အဆိုပါရေလှောင်တမံများ၏ကြံ့ခိုင်မှုအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး တာဝန်ကျဝန်ထမ်းများကို ၂၄ နာရီ ရေကင်းတာဝန်ချထား၍ အနီးကပ်စောင့်ကြပ်စစ်ဆေးလျက်ရှိပြီး စိုးရိမ်ရန်မရှိကြောင်း သိရသည်။

(သတင်းစဉ်)

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်**

ရက်စွဲ - ၁၀.၁၀.၂၀၂၄
(၆ : ၀၀) နာရီ

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

**အကြောင်းအရာ ။ ။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်လက်အောက်ရှိ ရေလှောင်တမံများ၏ ရေမှတ်များပေးပို့ခြင်း။**

| စဉ် | ရေလှောင်တမံအမည် | ကန်ရေပြည့် | | ကန်ရေသေ | | (၁၀.၁၀.၂၀၂၄)နေ့ရှိ | | | ယနေ့ ထုတ်လွှတ်သည့် ရေပမာဏ (ဧကပေ) | ကန်ရေပြည့်ရန် လိုအပ်သည့် | | ကန်ရေပြည့်ပြီး | | မိုးရေချိန် (လက်မ) | ယခင်နေ့ ရေမှတ် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ဝင်ရေ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | | ရေအနက် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | အမြင့် (ပေ) | ပိုလျှံရေ ပမာဏ (ဧကပေ) | | |
| ၁ | ပေါင်းလောင်းတမံ | ၆၂၃.၃၉ | ၅၄၉၄၂၀ | ၅၄၁.၃၆ | ၂၇၃၆၆၀ | ၃၀၄၂၇ | ၆၂၇.၂၄ | ၅၆၅၈၃၂ | ၁၃၈၇၈ (လျှပ်စစ်ထုတ်ရေ) | - | - | ၃.၈၅ | ၁၆၆၄၂ | ၀.၄၀ | ၆၂၇.၂၆ |
| ၂ | မဒန်းတမံ | ၆၃၅.၀၀ | ၃၆၅၀၀ | ၅၉၀.၀၀ | ၅၂၀၀ | ၁၉၄ | ၆၂၅.၇၀ | ၂၆၉၈၇ | - | ၉.၃၀ | ၉၅၁၃ | - | - | ၀.၂၀ | ၆၂၅.၅၀ |
| ၃ | ချောင်းမငယ်တမံ | ၅၂၀.၀၀ | ၉၁၇၇၀ | ၄၈၀.၀၀ | ၁၅၃၀၀ | ၃၆၁ | ၅၁၉.၁၀ | ၈၉၃၁၃ | ၃၂၁ | ၀.၉၀ | ၂၄၅၇ | - | - | ၀.၉၅ | ၅၁၉.၁၀ |
| ၄ | ဖောင်းလောင်တမံ | ၅၁၂.၀၀ | ၁၂၂၅၇ | ၄၉၀.၅၀ | ၂၅၄၀ | - | ၅၀၉.၅၅ | ၁၀၄၇၈ | ၇ | ၂.၄၅ | ၁၇၇၉ | - | - | - | ၅၀၉.၆၅ |
| ၅ | ရေဆင်းတမံ | ၄၃၉.၀၀ | ၇၃၀၀၀ | ၃၆၈.၄၀ | ၁၀၄၀ | ၄၅၂ | ၄၃၈.၇၆ | ၇၂၂၈၀ | ၃၁၅ | ၀.၂၄ | ၇၂၀ | - | - | - | ၄၃၈.၈၀ |
| ၆ | ငလိုက်တမံ | ၅၃၅.၀၀ | ၇၅၀၀၀ | ၅၀၆.၀၀ | ၁၂၉၅၀ | ၃၄ | ၅၃၄.၉၅ | ၇၄၇၉၉ | - | ၀.၀၅ | ၂၀၁ | - | - | - | ၅၃၄.၉၅ |
| ၇ | သဲဖြူတမံ | ၄၁၈.၀၀ | ၈၇၁၈ | ၃၉၀.၀၀ | ၆၈၇ | ၁ | ၄၁၆.၃၂ | ၇၇၆၉ | ၈ | ၁.၆၈ | ၉၄၉ | - | - | - | ၄၁၆.၃၅ |
| ၈ | ဆင်သေတမံ | ၇၁၀.၀၀ | ၁၄၃၀၉၀ | ၆၇၄.၀၀ | ၁၇၃၀၃ | ၃၃ | ၇၀၃.၆၀ | ၁၀၇၉၇၃ | - | ၆.၄၀ | ၃၅၁၁၇ | - | - | - | ၇၀၃.၆၀ |
| ၉ | ကင်းသာရေထိန်းတမံ | ၅၅၈.၅၀ | ၇၂ | ၅၄၅.၀၀ | ၈ | | | | | ရေတိုက်စား | | | | | |
| ၁၀ | မုန်ရေထိန်းတမံ | ၆၀၂.၀၀ | ၅၀၀ | ၅၉၂.၀၀ | ၂၂၅ | ၉၃ | ၆၀၁.၉၀ | ၄၉၅ | ၄၁ | ၀.၁၀ | ၅ | - | - | - | ၆၀၁.၉၀ |
| ၁၁ | မြို့လှတမံ | ၈၇၀.၀၀ | ၁၄၆၀၀ | ၈၅၀.၀၀ | ၄၅၂၀ | ၂ | ၈၆၄.၁၅ | ၁၀၅၀၆ | ၇၂ | ၅.၈၅ | ၄၀၉၄ | - | - | - | ၈၆၄.၃၀ |
| ၁၂ | တောက်ပြုတမံ | ၆၇၉.၀၀ | ၂၄၉၁ | ၆၅၉.၀၀ | ၄၇၅ | ၁ | ၆၇၄.၀၀ | ၁၈၃၈ | - | ၅.၀၀ | ၆၅၃ | - | - | - | ၆၇၄.၀၀ |

မှတ်ချက် - ပေါင်းလောင်းတမံတွင် HED ရေတံခါးရွက် (၄) ချပ်ထောင်ထားပါသည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့်စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကိုမဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

---

❖ **ပညာတတ်နိုင်ငံသားများ အများဆုံးရှိနေသည့်နိုင်ငံများသည် ဖွံ့ဖြိုးတိုးတက်မှုအမြင့်ဆုံးနိုင်ငံကြီးများအဖြစ် ရပ်တည်နေသည်ကို မျက်ဝါးထင်ထင်တွေ့မြင်နိုင် . . .**

❖ **"ပညာတတ်"နိုင်ငံသားများဆိုသည်မှာ "အရည်အချင်း"ကို ဆိုလိုပြီး "အများဆုံး" ရှိသည်ဆိုသည်မှာ "အရေအတွက်" ကိုဆိုလို . . .**

❖ **မိမိတို့နိုင်ငံသည်လည်း အရည်အချင်းရှိသည့်ပညာတတ်များ အရေအတွက်အများကြီးရှိသည့် နိုင်ငံဖြစ်လာရန် လိုအပ် . . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၅ ရက်နေ့တွင် ပြုလုပ်သော မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၄) ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

---

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ အစည်းအဝေး(၂/၂၀၂၄)သို့ တက်ရောက်အမှာစကားပြောကြား





အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီအစည်းအဝေး (၂/၂၀၂၄)တွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် အောက်တိုဘာ ၁၀

အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီအစည်းအဝေး(၂/၂၀၂၄)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဒေါက်တာကံဇော်၊ ဦးလှမိုး၊ ဒေါက်တာချာလီသန်း၊ ဦးထွန်းအုံနှင့် ဒေါက်တာမျိုးသိန်းကျော်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ လုပ်ငန်းကော်မတီဝင်များနှင့်အသင်းအဖွဲ့များမှ **စာမျက်နှာ ၁၁ ကော်လံ ၁** ❍

---

## ၂၀၂၄ ခုနှစ်၊ (၆၁)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား၊ တပ်မတော်(ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ခြင်း အခမ်းအနား တိုက်ရိုက်ထုတ်လွှင့်ပြသမည်

နေပြည်တော်၊ ဇေယျာသီရိအားကစားကွင်း၌ကျင်းပပြုလုပ်မည့် ၂၀၂၄ ခုနှစ်၊ (၆၁)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ခြင်း အခမ်းအနားကျင်းပမှုအား အောက်တိုဘာလ ၁၁ ရက်**(ယနေ့)** ညနေ ၃ နာရီ ၂၅ မိနစ်မှစ၍ MWD HD Channel၊ MWD Variety HD Channel၊ MWD Education, Knowledge & Sports Channel၊ Channel LIGHT၊ MRTV HD Channel၊ MRTV Sports Channel နှင့် MRTV Parliament Channel တို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း မိတ်ပြည်သူများအား လေးစားစွာကြိုတင်အသိပေးအပ်ပါသည်။